ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်၊ အင်္ဂါနေ့၊ (4-11-2008) (၅၈၅၂)

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြောင်းတကာ သံမဏိစက်မှုဇုန်မှ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံ

ရန်ကုန် နိုဝင်ဘာ ၃

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မြောင်းတကာ သံမဏိစက်မှုဇုန် ရှင်းလင်းဆောင်၌ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး ကမာနတ်-ပဲခူး-မြောင်းတကာ မဟာဓာတ်အားလိုင်း သွယ်တန်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် မြောင်းတကာ သံမဏိစက်မှုဇုန် ရှင်းလင်းဆောင်သို့ရောက်ရှိပြီး ရှေးဦးစွာ မြောင်းတကာစက်မှုဇုန်ရှိ စက်မှုလုပ်ငန်းများမှ ထုတ်လုပ်သည့် သွင်းကုန်အစားထိုး စက်အစိတ်အပိုင်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား ရှင်းလင်းခန်းမ၌ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက မြောင်းတကာ သံမဏိစက်မှုဇုန်လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

နည်းပညာတက္ကသိုလ် (လွိုင်ကော်)ကို
**ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။**




## လူ့စွမ်းအား အရင်းအမြစ်များကို ဒေသအတွင်းမှာပင် ပြုစုပျိုးထောင်ပေးလျက်ရှိသည့် ကန္တာရဝတီ ငွေတောင်ပြည်

**သတင်းဆောင်းပါး-မောင်မောင်ထွေး (သတင်းစဉ်)**
**ဓာတ်ပုံ-လှမိုး (သတင်းစဉ်)**

**ကန္တာရဝတီ ငွေတောင်ပြည်သို့ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးသည့် ခရီးစဉ်အတွင်း ကျွန်တော်တို့ လိုက်ပါလေ့လာခွင့်ရခဲ့ပါသည်။**

ကယားပြည်နယ်၏ မြို့တော်လွိုင်ကော်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၉၅၀ အမြင့်တွင် တည်ရှိသော တောင်ပေါ်မြို့ပီပီ ယခု မိုးအကုန် ဆောင်းအကူးတွင် အေးမြမြရှိလှပါသည်။

ဒေသအဝန်း တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှုများမှာလည်း ရေမြင့်ကြာတင့်သို့နှယ် တစ်ရှိန်ထိုး ဖွံ့ဖြိုးလာသည်ကို သတိပြုလေ့လာမိသည်။

အထူးခြားဆုံးကား ပညာရေးကဏ္ဍဖြစ်ပေသည်။ ဒေသခံလူငယ်လူရွယ်များ၏ ပညာသင်ကြားမှုအခွင့်အရေးကား မည်သည့်ခေတ်နှင့်မျှ မတူအောင် ဖွံ့ဖြိုးတိုးတက်မှုရှိသည်ကို လွိုင်ကော်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(လွိုင်ကော်)နှင့် ကွန်ပျူတာတက္ကသိုလ်(လွိုင်ကော်)တို့က သက်သေပြုလျက်ရှိပေသည်။ **စာမျက်နှာ ၅ ကော်လံ ၁ သို့ ✾**

**ယနေ့ ကြေးမုံ သတင်း၊ ဆောင်းပါးများ အညွှန်း**



အမျိုးသားရေး သန္နိဋ္ဌာန် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရန် (ဆောင်းပါး) စာမျက်နှာ ၆



ခြင်များကို မျိုးဗီဇပြောင်းလဲခြင်းဖြင့် ငှက်ဖျားရောဂါကို ထိန်းချုပ်နိုင် (ဇီဝသိပ္ပံသတင်း) စာမျက်နှာ ၈

ရီးမားတို့ ချယ်လ်ဆီးကို ရှုံးကြွေး ပြန်ဆပ်နိုင်မည်လား။
ချန်ပီယံလိဂ် ပွဲစဉ် (၄) ပထမနေ့ပွဲများ စာမျက်နှာ ၁၁

UEFA CHAMPIONS LEAGUE

ကြေးမုံ The Mirror

၄-၁၁-၂၀၀၈
(အင်္ဂါနေ့)

## သဘာဝပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေး ဝိုင်းဝန်းထိန်းသိမ်း

မျက်မှောက်ကမ္ဘာတွင် လူသားတို့က သဘာဝသယံဇာတများ မဆင်မခြင် ထုတ်ယူသုံးစွဲခြင်း၊စားသုံးမှုအမျိုးမျိုး၊ထုတ်လုပ်မှုအထွေထွေတို့မှ အမှိုက်သရိုက် ရေဆိုးရေညစ်များ စွန့်ပစ်ခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုများဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရသည်။

မသန့်ရှင်းသော သောက်သုံးရေနှင့် မသန့်ရှင်းသော ရေအိမ်များ သုံးစွဲရမှုကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ် ကလေးသူငယ်များအပါအဝင် လူငါးသန်းခန့် ရောဂါအမျိုးမျိုးဖြစ်ပွားပြီး သေဆုံးနေကြရသည်။ မြို့ရွာအချို့တွင် မြစ်၊ ချောင်းကမ်းနဖူး၌ ရေအိမ်များ တည်ဆောက်ထားခြင်း၊ မြစ်ရေ၊ ချောင်းရေဖြင့် လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းတို့ကြောင့် ရေညစ်ညမ်းမှု ဖြစ်နိုင်သည်ကို သတိပြု ရှောင်ရှားကြရမည်ဖြစ်သည်။

စက်မှုလုပ်ငန်းများ၊ သတ္တုတူးဖော်သည့်လုပ်ငန်းများ၊ ဓာတုဆိုင်ရာလုပ်ငန်းများ၊ အသေးစားစီးပွားရေးလုပ်ငန်းများမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများ၊ အမှိုက်များတွင် အဆိပ်အတောက်ဖြစ်စေသည့် ပစ္စည်းများနှင့် သက်ရှိ သက်မဲ့တို့ကို ဘေးအန္တရာယ်ဖြစ်စေသည့် ပစ္စည်းများလည်း ပါဝင်သဖြင့် မြေပြင်ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည်။

ထို့အပြင် စက်ရုံ၊ အလုပ်ရုံများ၊ မော်တော်ယာဉ်ယန္တရားများမှ ထွက်ရှိသော မီးခိုးများ၊ ဓာတ်ငွေ့များသာမက ဖုန်မှုန့်၊ ဆေးလိပ်ငွေ့၊ ညှော်နံ့စသည့် မကောင်းသော အနံ့အငွေ့အသက်များသည် လေထုညစ်ညမ်းစေပြီး လူတို့၏ကျန်းမာရေးနှင့်အပင်၊ တိရစ္ဆာန်တို့ကို ထိခိုက်ပျက်စီးစေနိုင်သည်။

သစ်ပင်၊ သစ်တောများသည် လူတို့စားသောက်နေထိုင်ရေးတွင် အသုံးဝင်သည့်ပစ္စည်းများကို ဖြည့်စွမ်းပေးသည် သာမက ရာသီဥတုကို ညီညွတ်မျှတစေသည်။ သားငှက်၊ တိရစ္ဆာန်များအတွက် အသိုက်အမြုံများကို ဖန်တီးပေးသောကြောင့် သစ်တောမပြုန်းတီးရေး၊ ဂေဟစနစ်များ တည်ငြိမ်ရေး ဂရုပြုထိန်းသိမ်းကြရမည်ဖြစ်သည်။

လေညစ်ညမ်းမှု၊ ရေညစ်ညမ်းမှု၊ မြေပြင်ညစ်ညမ်းမှုနှင့် သစ်တောသစ်ပင်ပြုန်းတီးမှုစသည်တို့သည် သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုများကို ဖြစ်ပေါ်စေသဖြင့် ပြည်သူများအားလုံးက နိုင်ငံတော်အစိုးရ၏ သဘာဝပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေး ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများတွင် အစဉ်တစိုက်ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ။

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။





## ရန်ကုန်တိုင်း စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၃

**ရန်ကုန်တိုင်း စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက် အမှာစကားပြောကြားသည်။**

ထို့နောက် တိုင်းစိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များက ရေရရှိရေး၊ စိုက်ဧက တိုးချဲ့စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့် စိုက်ပျိုးရေး၊ခေတ်မီလယ်ယာသုံး စက်ကိရိယာများ ပိုမိုတိုးချဲ့အသုံးပြုရေးတို့နှင့်စပ်လျဉ်း၍ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက ခရိုင်အလိုက် လျာထားဧက ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်များကိုလည်းကောင်း၊ အစည်းအဝေးတက်ရောက်လာကြသူများကလုပ်ငန်းဌာနအလိုက် ဆောင်ရွက်လျက်ရှိသည်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြပြီး တိုင်းမှူးက နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်တိုင်း အနေဖြင့် ၂၀၀၈-၂၀၀၉ ခုနှစ်အတွင်း နွေစပါး ၂၄၅၀၀၀ဧက၊ ပဲမျိုးစုံ ၄၁၅၀၀၀ ဧကနှင့် ဆီထွက်သီးနှံ ဧက ၇၅၀၀၀ တို့ကို လျာထားစိုက်ပျိုး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

### အမှာစကား ပြောကြား

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ရန်ကုန်တိုင်း စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စာဖတ်ဝိုင်းနှင့် ဆွေးနွေးပွဲစကားဝိုင်း ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့်ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့၏ စာဖတ်ဝိုင်းနှင့် ဆွေးနွေးပွဲစကားဝိုင်းကို နိုဝင်ဘာ ၁ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်ရှိ အမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်း၌ ကျင်းပသည်။

စာဖတ်ဝိုင်းသို့ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ ဒုတိယလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်၊လုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင်များဖြစ်ကြသော ဒေါ်ငွေးငွေး၊ ဒေါ်ခင်မေစိုးနှင့် ဒေါ်သွဲ့သွဲ့ဝင်း၊ လုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင်များ၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၊ ကယ်တင်ခြင်းတပ်၊ မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း(ဝက်ပါ)၊ အမျိုးသမီးများ ဖွံ့ဖြိုး တိုးတက်ရေးဌာန (WDC)မှ ကျောင်းသူများ၊ ဆရာမများ တက်ရောက်၍ စာဖတ်ဝိုင်းမှ ရရှိသော အသိပညာများ ဆွေးနွေးကြသည်။

အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့နှင့် အဖွဲ့ခွဲခေါင်းဆောင်များ၊ အဖွဲ့ခွဲဝင်များသည် စာဖတ်ဝိုင်းတွင်ပါဝင်ဆွေးနွေးကြပြီး သင်တန်းကျောင်းရှိအမျိုးသမီးငယ်များအားလေ့ကျင့်ပေးနေမှုများကို ကြည့်ရှုအားပေးစကားပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဟောပြောပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့၊ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း ကျောင်းခန်းမ၌ အောက်တိုဘာ ၃ ရက် နံနက် ၉ နာရီက စာဖတ်သူတိုးပွားရေး ဟောပြောပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ထွေးရီဉနှင့် ဆရာ၊ ဆရာမများ၊ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးညွန့်ဆောင်က "စာဖတ်ကြသူများ" ခေါင်းစဉ်ဖြင့် ဟောပြောကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

(မြို့နယ်ပြန်/ဆက်)



မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုမှ ချီးမြှင့်သော အသက်(၇၅)နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရကျောင်းသား/ကျောင်းသူများအား ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲကိုရန်ကင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ အောက်တိုဘာ ၃၀ ရက်ကကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးတင်အေး(ငြိမ်း)က လေးဘာသာ ဂုဏ်ထူးရှင် မောင်ဟိန်းထက်အောင်အား ပညာသင်ထောက်ပံ့ငွေ ပေးအပ်စဉ်။ (၃၅)

**နိုဝင်ဘာ ၁ရက်တွင် ကျင်းပသည့် သဃ်န်းကျွန်းမြို့နယ် အမှတ်(၂၈) အခြေခံပညာမူလတန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ၂၀၀၇-၂၀၀၈ ပညာသင်နှစ်အတွက် တတိယတန်း(ဂ)မှ အတန်းတွင်း ပထမဆုနှင့် အတန်းချုပ် ပထမဆုရ မောင်မင်းသက်ဉာဏ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မော်မော်သင်း ဆုချီးမြှင့်စဉ်။** (ပညာရေး)





## ကမ္ဘာ့ကုလသမဂ္ဂနေ့ အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃**

(၆၃)ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂနေ့ အထိမ်းအမှတ် ဟောပြောပွဲကို အောက်တိုဘာ ၂၄ ရက်တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမ၌ ကျင်းပရာ ကမာရွတ်မြို့နယ် ပညာရေးမှူး ဦးမောင်ချစ်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေလှရီနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး မြို့နယ်ပညာရေးမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အလယ်တန်းပြဆရာမ ဒေါ်နီနီမာက ကမ္ဘာ့ကုလသမဂ္ဂအကြောင်း သိကောင်းစရာများကို ဟောပြောပြီး ပန်းချီ၊ ပိုစတာ၊ စာစီစာကုံး ပြိုင်ပွဲဆုရသူများအား ကျောင်းအုပ်ဆရာမကြီးက ဆုများချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

## မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၃**

အထက(၁)လမ်းမတော်(စိန့်ဂျွန်း) ၁၉၆၈-၈၄ ပညာသင်နှစ် ကျောင်းသားဟောင်းများက ကြီးမှူးကျင်းပသည့် စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ ရက်(ကြာသပတေးနေ့) နံနက်၉ နာရီတွင် ကျောင်းခန်းမဆောင်ကြီး၌ ကျင်းပမည်ဖြစ်ရာ ကိုမျိုးသိမ်း ဖုန်း-၀၉၅၀၀၂၂၅၄၊ ကိုသက်ငွေးဖုန်း-၀၉၅၀၀၆၆၅၂၊ ဒေါက်တာဟံဝင်း ဖုန်း-၀၉၅၀၁၃၁၈၉၊ ကိုညိုထွန်း ဖုန်း-၀၉၅၀၄၉၂၉၀၊ ကိုခင်စိန် ဖုန်း-၀၉၅၁၇၄၉၈၀၊ ကိုမင်းသွင်ညွန့် ဖုန်း-၀၉၅၀၀၆၉၉၀၊ ကိုဉာဏ်ထွန်း ဖုန်း-၀၉၅၀၁၃၈၃၇၊ ကိုဝင်းကို ဖုန်း-၇၀၁၁၅၇၊ ကိုအောင်တင့် ဖုန်း-၀၉၅၀၁၂၃၀၄၊ ကိုဝင်းကြည် ဖုန်း-၀၉၅၁၇၀၉၁၉၊ ဒေါက်တာမြင့်စိုး ဖုန်း-၀၉၉၉၂၅၁၀၅၊ ကိုဇော်ဝင်းဦး ဖုန်း-၀၉၅၁၁၅၈၃၈၊ ကိုမင်းနောင် ဖုန်း-၇၂၃၆၆၈၊ ကိုမင်းသိမ်း ဖုန်း-၀၉၅၁၄၄၆၆၁ တို့သို့ အလှူငွေများ ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)





## ကြည့်ရှုစစ်ဆေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ လှေလှော်အင်းကျေးရွာ မိုင်တိုင် (၁၄)အနီးတွင် ကမာနတ်-ပဲခူး-မြောင်းတကာ မဟာဓာတ်အားလိုင်းကြိုး ချိတ်ဆက်သွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

*** ရှေ့ဖုံးမှ**

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ကမာနတ်-ပဲခူး-မြောင်းတကာ မိုင် ၄၀ အရှည် တာဝါတိုင် ၁၈၆ တိုင်ရှိ 230 KV မဟာဓာတ်အားလိုင်း သွယ်တန်းပြီးစီးမှု အခြေအနေများ၊ ရေအားလျှပ်စစ်ဓာတ်အား ထုတ်ယူရရှိမှု၊ ဖြန့်ဝေမှု၊ ဓာတ်အားခွဲရုံများ တည်ဆောက်မှုများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် သံရည်ကျိုလုပ်ငန်းရှင်များက လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

### ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် မြောင်းတကာစက်မှုဇုန်ရှိ စက်မှုလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မြောင်းတကာ ပင်မဓာတ်အားခွဲရုံအနီးသို့ ရောက်ရှိပြီး ကမာနတ်-ပဲခူး-မြောင်းတကာ မဟာဓာတ်အားလိုင်း သွယ်တန်းနေမှု၊ တာဝါတိုင်များ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ရှင်းလင်းပြသသည်။

### ဖြည့်စွက်ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် လှည်းကူးမြို့နယ် လှေလှော်အင်းကျေးရွာ မိုင်တိုင် (၁၄) အနီးသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား ဓာတ်အားပို့လွှတ်ရေး စီမံကိန်းညွှန်ကြားရေးမှူး ဦးသိန်းလှိုင်က ရန်ကုန်-မန္တလေး အမြန်ကားလမ်းမကြီးအား ဖြတ်ကျော်၍ ကမာနတ်-ပဲခူး-မြောင်းတကာ မဟာဓာတ်အားလိုင်းကြိုး ချိတ်ဆက်သွယ်တန်းခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် မဟာဓာတ်အားလိုင်းကြိုး ချိတ်ဆက်သွယ်တန်းခြင်း လုပ်ငန်းအား လျှပ်စစ်ကျွမ်းကျင်လုပ်သားများက ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးအားပေးပြီး လိုအပ်သည်များကို မှာကြားကာ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြောင်းတကာ သံမဏိစက်မှုဇုန် ရှင်းလင်းဆောင်၌ ပြသထားသည့် မြောင်းတကာစက်မှုဇုန်ရှိ စက်မှုလုပ်ငန်းများမှ ထုတ်လုပ်သည့် သွင်းကုန်အစားထိုး စက်အစိတ်အပိုင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဘွန်ခတ် ဆန်ဆွန်မ်ဆက်ခ်တို့ အဌမအကြိမ်မြောက် ဗဟိုအဆင့် နယ်စပ်အာဏာပိုင်အဖွဲ့ အစည်းအဝေး သဘောတူညီချက်မှတ်တမ်းကို လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

# မြန်မာ-လာအို ဗဟိုအဆင့် နယ်စပ်အာဏာပိုင်အဖွဲ့၏ အဌမအကြိမ် အစည်းအဝေး ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၃

**နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဘွန်ခတ် ဆန်ဆွန်မ်ဆက်ခ် ခေါင်းဆောင်သည့် လာအိုကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်၌ ကျင်းပမည့် အဌမအကြိမ်မြောက် ဗဟိုအဆင့် နယ်စပ်အာဏာပိုင်အဖွဲ့ အစည်းအဝေးသို့ တက်ရောက်ရန် အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိခဲ့သည်။**

အောက်တိုဘာ ၃၀ ရက်တွင် အဌမအကြိမ်မြောက် ဗဟိုအဆင့် နယ်စပ်အာဏာပိုင်အဖွဲ့ အစည်းအဝေးကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အဆိုပါ အစည်းအဝေးသို့ မြန်မာဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်က ဦးဆောင်၍ ဌာနဆိုင်ရာ အဆင့်မြင့် ကိုယ်စားလှယ် အဖွဲ့ဝင်များ တက်ရောက်ကြပြီး လာအိုဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဘွန်ခတ် ဆန်ဆွန်မ်ဆက်ခ် ဦးဆောင်သည့် အဆင့်မြင့် လာအိုကိုယ်စားလှယ် အဖွဲ့ဝင်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် အဆင့်မြင့် အရာရှိကြီးများက နှစ်နိုင်ငံအကြား နယ်စပ်ဒေသ ပူးပေါင်းဆောင်ရွက်ရေး အပါအဝင် အစဉ်အလာအရ တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆက်လက်တည်တံ့ရေးနှင့် တိုးတက်ခိုင်မာစေရေးအတွက် နှစ်ဦးနှစ်ဖက် အကျိုးစီးပွားဖြစ်ထွန်းစေမည့် ကိစ္စရပ်များကို အသေးစိတ် ဆွေးနွေးခဲ့ကြသည်။ ယင်းနောက် အစည်းအဝေးပိတ်ပွဲ အခမ်းအနားကို ကျင်းပကာ နှစ်ဖက် ကိုယ်စားလှယ်ခေါင်းဆောင်များက အစည်းအဝေး သဘောတူညီချက် မှတ်တမ်းကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အောက်တိုဘာ ၃၀ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်က လာအို ကိုယ်စားလှယ်အဖွဲ့အား သင်္ဂဟဟိုတယ်၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဎင်းနောက် ညနေပိုင်းတွင် လာအို ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားခဲ့ပြီး အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားခဲ့သည်။

လာအိုနိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဘွန်ခတ် ဆန်ဆွန်မ်ဆက်ခ်နှင့် အဖွဲ့ဝင်များသည် ၎င်းတို့၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း ရွှေတိဂုံစေတီတော်နှင့် ချောင်းသာသို့ သွားရောက်ခဲ့ကြသည်။

(သတင်းစဉ်)

# Grand Royal Challenge Cup ဘောလုံးပြိုင်ပွဲ ဝင်ခွင့်ကတ်များ ပြုလုပ်နိုင်

**ရန်ကုန် နိုဝင်ဘာ ၃**

၂၀၀၈ ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှ ၂၁ ရက်အထိ ရန်ကုန်မြို့ သုဝဏ္ဏ ဘောလုံးကွင်း၌ ကျင်းပမည့် Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲတွင် သတင်းရယူကြမည့် သတင်းမီဒီယာများ အနေဖြင့် နိုဝင်ဘာ ၆ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တွင် ဝင်ခွင့်ကတ်များ ပြုလုပ်ရမည် ဖြစ်ကြောင်း သိရသည်။

Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲကို အသင်း ခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး (က)အုပ်စုတွင် မြန်မာ့လက်ရွေးစင်၊ ဘင်္ဂလားဒေ့ရှ်လက်ရွေးစင်၊ အင်ဒိုနီးရှားလက်ရွေးစင်၊ (ခ)အုပ်စုတွင် မာဒေးကားချန်ပီယံ ဗီယက်နမ်အသင်း၊ မလေးရှား လက်ရွေးစင်နှင့် တောင်ကိုရီးယား ကလပ် အူလ်ဆန်ဟွန်ဒိုင်းအသင်းတို့ ပါဝင်ကြသည်။

### ဆက်သွယ်မေးမြန်း

ဂျာနယ်တိုက် တစ်ခုလျှင် ဓာတ်ပုံရိုက်ကူးသူ တစ်ဦး၊ သတင်းရေးသားသူ တစ်ဦး ခွင့်ပြုမည်ဖြစ်ပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မီဒီယာဌာနမှ ဦးကိုကိုသိန်းထံသို့ အမည်၊ မှတ်ပုံတင်အမှတ်၊ ဂျာနယ်တိုက်အမည်၊ ဓာတ်ပုံ နှစ်ပုံနှင့်အတူ ဝင်ခွင့်ကတ်များပြုလုပ်ရမည်ဖြစ်သည်။ ဝင်ခွင့်ကတ်ဖြင့်သာ ဘောလုံးကွင်းအတွင်းသို့ ဝင်ခွင့်ပြုမည်ဖြစ်ပြီး အသေးစိတ် သိရှိလိုပါက ဖုန်း- ၅၇၇၃၆၆နှင့် ၅၆၁၅၃၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

(ကြေးမုံ)

# အခြေခံ ပန်းအလှပြုပြင်မှု သင်တန်းဖွင့်မည်

**ရန်ကုန် နိုဝင်ဘာ ၃**

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူးဖွင့်လှစ်မည့် အခြေခံ ပန်းအလှပြုပြင်မှုသင်တန်း (၄/၂၀၀၈) ကို ၂၀၀၈ ခုနှစ်နိုဝင်ဘာ ၁၈ ရက်မှ ၂၆ ရက်အထိ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအတွင်း ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိပြည်ထောင်စုအေးရိပ်ငြိမ်ခန်းမဆောင်၌ သင်တန်းသား၊ သင်တန်းသူ ၅၀ ဖြင့် ဖွင့်လှစ်မည် ဖြစ်သည်။

သင်တန်းကြေးအဖြစ် အသင်းဝင်နှင့် အစိုးရဝန်ထမ်းများအတွက် ငွေကျပ် ၇၀၀၀၊ ပြင်ပပုဂ္ဂိုလ်များအတွက် ငွေကျပ် ၈၀၀၀ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံး ဖုန်း- ၃၇၉၃၆၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (၄၅)



အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့ ဈေးအတွင်း ဗုံးတစ်လုံးပေါက်ကွဲသွားပြီးနောက်အပျက်အစီးများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## အာဖဂန်နစ္စတန်တွင် ပြန်ပေးဆွဲခံရသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသား အန်ဂျီအိုအရာရှိနှစ်ဦး ပြန်လွတ်လာ

**ဒါကာ နိုဝင်ဘာ ၂**

အာဖဂန်နစ္စတန်နိုင်ငံ ဂါဇနီမြို့တွင် အောက်တိုဘာ ၂၃ ရက်က ပြန်ပေးဆွဲခံရသော အစိုးရမဟုတ်သောအဖွဲ့မှ တာဝန်ရှိ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားနှစ်ဦးကို ပြန်ပေးဆွဲသူများက ခြွင်းချက်မရှိ ပြန်လွှတ်ပေးခဲ့ကြောင်းပုဂ္ဂလိကသတင်းဌာန ယူအန်ဘီက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

ပြန်ပေးသမားများ၏လက်မှ လွတ်မြောက်လာသော ဘင်္ဂလားဒေ့ရှ်ကျေးလက် ဖွံ့ဖြိုးရေးကော်မတီ (ဘီအာအေစီ)မှ တာဝန်ရှိသူနှစ်ဦးသည် ကဘူးမြို့ ဘီအာအေစီ ရုံးခန်းသို့ တနင်္ဂနွေနေ့တွင် ရောက်ရှိလာကြသည်ဟုဘီအာအေစီသတင်းဆက်သွယ်ရေးညွှန်ကြားရေးမှူး အန်ဝါအူလ်ဟတ်က ယူအန်ဘီသတင်းဌာနသို့ ပြောကြားသည်။ ပြန်ပေးဆွဲခံရရာမှ ပြန်လွတ်လာသည့် အရာရှိနှစ်ဦးဖြစ်သောအတာအလီနှင့် ရှာဂျာဟန်အလီတို့သည် မကြာမီ ဒါကာသို့ ပြန်ကြမည်ဟု အန်ဝါအူလ်ဟတ်က ပြောကြားသည်။ **အင်တာနက်။**



ဂျပန်နိုင်ငံ တိုကျိုမြို့တွင် သုတေသီများ ဖန်တီးထားသည့် အပြာရောင် နှင်းဆီပန်းများ ပြသထားသည်ကို နိုဝင်ဘာ ၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## အာဖဂန်နစ္စတန်တွင် တာလီဘန် ၁၀ဦးသေ၊ ငါးဦးအဖမ်းခံရ

**ကဘူး နိုဝင်ဘာ ၂**

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းပြည်နယ် ဇာဘူးလ်တွင် အစိုးရအမျိုးသား ကြည်းတပ် (အေအန်အေ) သည်နိုင်ငံတကာတပ်ဖွဲ့၏လေကြောင်းအကူအညီဖြင့် တာလီဘန်တို့အား တိုက်ခိုက်ရာ အနည်းဆုံး စစ်သွေးကြွ ၁၀ ဦးခန့် သေဆုံးပြီး ငါးဦးဒဏ်ရာရရှိကြောင်း တာဝန်ရှိသူတစ်ဦးက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အေအန်အေနှင့် နိုင်ငံတကာတပ်ဖွဲ့များသည် ဒေချိုပန်ခရိုင် တောင်ကုန်းတောင်တန်းများ ထူထပ်သော အစွန်အဖျားဒေသများတွင် လှုပ်ရှားနေသော တာလီဘန်များကို မောင်းထုတ်ရန် စနေနေ့နံနက်ပိုင်းမှ စတင်၍ပူးတွဲစစ်ဆင်ရေး ဆောင်ရွက်ကြသည်ဟု ခရိုင်အကြီးအကဲ ဖာရယ်ဘာရီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ပူးတွဲတပ်ဖွဲ့နှင့် တာလီဘန်တို့ တွေ့ဆုံတိုက်ပွဲဖြစ်ရာ လေကြောင်းမှလည်းကောင်း၊ မြေပြင်မှလည်းကောင်း ပစ်ခတ်မှုကြောင့် စစ်သွေးကြွ ၁၀ဦးသေဆုံးပြီးငါးဦးဒဏ်ရာရရှိသည်ဟု ဘာရီက ပြောကြားသည်။

ထိုတိုက်ခိုက်မှုကြောင့် အေအန်အေနှင့် နိုင်ငံတကာတပ်ဖွဲ့များတွင် အကျအဆုံး မရှိသည့်အပြင် ဒဏ်ရာရရှိနေသော တာလီဘန်များကိုလည်း ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။ **အင်တာနက်။**




## ဆီးရီးယားနယ်စပ်သို့ အီရတ်လုံခြုံရေးတပ်ဖွဲ့များ စေလွှတ်

**ရာမာဒီ နိုဝင်ဘာ ၂**

အီရတ်အစိုးရသည် အယ်လ်ခိုင်ဒါစစ်သွေးကြွများ အီရတ်နိုင်ငံအတွင်းသို့ ခိုးဝင်မလာစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင် ဒါဇင်ပေါင်းများစွာကို ဆီးရီးယားနယ်စပ်သို့ စနေနေ့က စေလွှတ်လိုက်ကြောင်း ပြည်နယ် လုံခြုံရေးတပ်ဖွဲ့ထံမှ သတင်းရရှိသည်။

ဒါဇင်ပေါင်းများစွာသော အီရတ်ရဲတပ်ဖွဲ့များသည် ဘဂ္ဂဒက်မြို့အနောက်မြောက်ဘက် ၃၅၀ ကီလိုမီတာခန့် ကွာဝေးသော အယ်လ်ကိန်းမြို့အနီးသို့ နိုဝင်ဘာ ၁ ရက် နံနက်စောစောက မော်တော်ယာဉ်များဖြင့် ချီတက်သွားကြသည်ဟု အမည်မဖော်လိုသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အန်ဘာပြည်နယ် အမေရိကန်တပ်ဖွဲ့တပ်မှူး၊ အီရတ်ပြည်ထဲရေးဝန်ကြီးဂျာဝတ်အယ်လ်ဘိုလာနီ၊ဒုတိယဗိုလ်ချုပ်ကြီး တာရစ်အယ်လ်အက်စ်ဆဲလ်နှင့် အီရတ်အနောက်ပိုင်းပြည်နယ် ရဲတပ်ဖွဲ့အကြီးအကဲတို့ သောကြာနေ့က ဆွေးနွေးအပြီးတွင် အဆိုပါ ဆီးရီးယားနယ်စပ်သို့ ရဲတပ်ဖွဲ့များ ရွှေ့ပြောင်းစေခဲ့ခြင်းဖြစ်သည်ဟု သတင်းပေးက ပြောကြားသည်။ **အင်တာနက်။**

## အာဖဂန်ရဲတပ်ဖွဲ့ ပြန်ပေးသမားများအား ဝင်စီး၊ နှစ်ဦးသေ

**ကဘူး နိုဝင်ဘာ ၂**

အာဖဂန်နစ္စတန်အရှေ့ပိုင်းပက်တီယာပြည်နယ်တွင် လမ်းဖောက်လုပ်ရေးကုမ္ပဏီတစ်ခုမှ အင်ဂျင်နီယာလေးဦးအား ပြန်ပေးဆွဲသွားသောအဖွဲ့နှင့် အာဖဂန်ရဲတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ရာ နှစ်ဦးသေဆုံးကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှသတင်းကြေညာချက်ထုတ်ပြန်သည်။သတင်းအရ ပြန်ပေးသမားများပုန်းခိုနေသောဆက်ကရာမ်ခရိုင်တွင် ရဲတပ်ဖွဲ့က ဝင်ရောက်စီးနင်းစဉ် ပြန်ပေးသမားများနှင့် အပြန်အလှန်ပစ်ခတ်ကြရာ အင်ဂျင်နီယာတစ်ဦးနှင့် ပြန်ပေးသမားတစ်ဦး သေဆုံးသည်ဟု ယင်းကြေညာချက်၌ ဖော်ပြထားသည်။

ကျန်အဖမ်းခံထားရသော အင်ဂျင်နီယာများ ပြန်လည်လွတ်မြောက်လာကြပြီးထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း၊ ပြန်ပေးသမားများကို လက်ရဖမ်းဆီးရမိကြောင်းကြေညာချက်တွင်ရေးသားထားသည်။

ပြန်ပေးဆွဲခံရသော အင်ဂျင်နီယာများသည် ဒါပါအမည်ရှိ ဆောက်လုပ်ရေးကုမ္ပဏီမှဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။ သို့သော် မည်သည့်နိုင်ငံသား ဖြစ်ကြောင်းကိုမူ ဖော်ပြခြင်းမပြုပေ။ **အင်တာနက်။**



**အီရတ်နိုင်ငံ မိုဆူးမြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားသွားသော နေရာကို တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

**အီရတ်နိုင်ငံ နင်နီးဗား ဒေသတွင် ကားတစ်စီးအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေစစ်ဆေးနေကြစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

## အိန္ဒိယ ကိုလ်ကတ္တားဒေသတွင် ငှက်ဖျားရောဂါဖြစ်သူ များလျက်ရှိ

**နယူးဒေလီ နိုဝင်ဘာ ၂**

အိန္ဒိယနိုင်ငံအရှေ့ပိုင်းကိုလ်ကတ္တားပြည်နယ်တွင် ၂၀၀၈ ခုနှစ်အတွင်းက ငှက်ဖျားရောဂါဖြစ်ပွားသူ လူနာဦးရေမှာ ၂၆၀၀၀မျှ ရှိသည်ကို တွေ့ရကြောင်း နိုဝင်ဘာ ၂ ရက်ထုတ် အိန္ဒူသတင်းစာတွင် ဖော်ပြသည်။

**ထိန်းချုပ်**

ထိုမြို့တွင် ယခုအခါ သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါဖြစ်ပွားမှုများ တိုးပွားလာလျက်ရှိသော်လည်းရောဂါကူးစက်မှုအခြေအနေကို ထိန်းချုပ်နိုင်ပြီဖြစ်၍ ပြည်သူများအနေဖြင့် ထိတ်ထိတ်ပျာပျာ မဖြစ်ကြရန်သတင်းစာတွင်ရေးသားထားသည်။

အာဏာပိုင်များအနေနှင့်ဖော်ပြပါရောဂါများနှင့်ပတ်သက်၍ ပြည်သူလူထု သတိမူရေးနှင့် အသိပညာပြန့်ပွားရေးအတွက် ပညာပေးလုပ်ငန်းများကို နိုဝင်ဘာ ၁ ရက်မှစ၍ တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

**ပြုလုပ်ထား**

ပညာပေးလုပ်ငန်းများကိုဆောင်ရွက်ရာ၌ ဆေးပညာ၊ အသိပညာပေးရေးစခန်းများ ဖွင့်လှစ်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ နံရံကပ်ပိုစတာများကပ်ခြင်း စသည့်ပညာပေးလုပ်ငန်းများကို လုပ်ဆောင်သွားမည်ဖြစ်သည်။ ထို့အပြင် ရေဒီယိုနှင့်ရုပ်မြင်သံကြားများမှလည်း ပညာပေးလုပ်ငန်းများကို လွှင့်ထုတ်ရန် အစီအစဉ်များ ပြုလုပ်ထားကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

## ရဲတပ်ဖွဲ့ လေ့ကျင့်ရေး သင်တန်းဆရာ အာဖဂန်နစ္စတန်တွင် လုပ်ကြံခံရ

**ကဘူး နိုဝင်ဘာ ၂**

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ် ကန်ဒါဟာမြို့တွင် မြို့ပြ ရဲတပ်ဖွဲ့ လေ့ကျင့်ရေးသင်တန်းကျောင်းမှ လေ့ကျင့်ရေးဆရာတစ်ဦးအား သေနတ်သမား နှစ်ဦးက နိုဝင်ဘာ ၁ ရက်တွင် သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းလေ့ကျင့်ရေးဆရာဖြစ်သူ အဗ္ဗဒူလ်ရီဇစ်နာဝါဘီအား နေအိမ်သို့ပြန်လာစဉ် အဆိုပါ သေနတ်သမားနှစ်ဦးသည် မော်တော်ဆိုင်ကယ်များဖြင့်လိုက်၍ သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်။ ယင်းပစ်ခတ်မှုကြောင့် ၎င်းမှာနေရာတွင်ပင် လဲကျသေဆုံးသွားသည်ဟု ဆိုသည်။

ယင်းပစ်ခတ်မှုနှင့် စပ်လျဉ်း၍ မည်သည့်အဖွဲ့အစည်းကမျှ ၎င်းတို့၏လက်ချက်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

သို့သော် တာလီဘန်များသည် အစိုးရအဖွဲ့နှင့် နိုင်ငံစုံတပ်ဖွဲ့များ၏လုပ်ငန်းများတွင် ဆောင်ရွက်လျက်ရှိသောသူများကို ထိုကဲ့သို့ မကြာခဏတိုက်ခိုက်လျက်ရှိသည်။ **အင်တာနက်။**



## သီရိလင်္ကာရေတပ်နှင့် သူပုန်များအကြား တိုက်ပွဲဖြစ်ပွား၊ သူပုန် ၁၄ ဦး သေဆုံး

**ကိုလံဘို နိုဝင်ဘာ ၂**

သီရိလင်္ကာနိုင်ငံ ဂျက်ဖ်နာ ပင်နီဆူလာဒေသမြောက်ပိုင်း ပင်လယ်ပြင်တွင် သီရိလင်္ကာရေတပ်ဖွဲ့နှင့် တမီးလ်ကျားသူပုန်များအကြား နိုဝင်ဘာ ၁ရက် နံနက်ပိုင်းတွင် တိုက်ပွဲဖြစ်ပွားခဲ့ရာ သူပုန်လှေလေးစင်းပျက်စီးခဲ့သည့်အပြင် သူပုန် ၁၄ ဦး သေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

နေဂါကိုပေးကမ်းခြေအနီးတွင် နံနက် ၆နာရီခွဲခန့်က တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တမီးလ်ကျားသူပုန် ၁၆ ဦးအပါအဝင် အစိုးရတပ်ဖွဲ့ဝင် ငါးဦးဒဏ်ရာရရှိခဲ့သည်ဟု ရေတပ်မှ တာဝန်ရှိသူများက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

# ဗဟိုအဆင့် ဆရာဖြစ်သင်တန်း ဖွင့်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် IPPF တို့ ပူးပေါင်းဖွင့်လှစ်သည့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ကဏ္ဍအသီးသီးနှင့် HIV/AIDS ရောဂါယှက်နွယ်မှု အသိပေးရှင်းလင်းခြင်းလုပ်ငန်း (MYA/08/A5) ဗဟိုအဆင့် ဆရာဖြစ်သင်တန်း ဖွင့်ပွဲကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော် လယ်ဝေးရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်း၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး၊ စီမံချက်ဝင် မြို့နယ်အသီးသီးမှ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

**ပေးအပ်**

သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းက အဖွင့်အမှာစကားပြောကြားပြီး စီမံချက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ရာ မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာ ဌေးအောင်က လက်ခံသည်။

အဆိုပါ သင်တန်းသို့ မွန်ပြည်နယ် ကျိုက်မရောမြို့နယ်နှင့် မုဒုံမြို့နယ်တို့မှ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





**မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်း မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ကဏ္ဍအသီးသီးနှင့် HIV/AIDS ရောဂါ ယှက်နွယ်မှု အသိပေး ရှင်းလင်းခြင်းလုပ်ငန်း (MYA/08/A5) ဗဟိုအဆင့် ဆရာဖြစ်သင်တန်း ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)

**❁ လှူစွမ်းအားမှ**

လွိုင်ကော်မြို့သို့ ကျွန်တော်တို့ ရောက်တုန်းရောက်ခိုက် အဆိုပါ တက္ကသိုလ်များသို့ တစ်ပါတည်း သွားရောက်လေ့လာခဲ့ကြသည်။

လွိုင်ကော်တက္ကသိုလ်သည် လွိုင်ကော်မြို့ ဒေါဥခူရပ်ကွက်တွင် တည်ရှိပြီး အကျယ်အဝန်းအားဖြင့် ၁၅၈ ဒသမ ၆၃ ဧက ကျယ်ဝန်းကြောင်း သိရှိရသည်။

ယခင်က လွိုင်ကော်ဒီဂရီကောလိပ်အဆင့်သာ ရှိခဲ့ပြီး ဘွဲ့နှင်းသဘင်ပေးအပ်ပွဲကို တောင်ကြီးတက္ကသိုလ်၌သာ ကျင်းပခဲ့ကြောင်း သိရသည်။ ၁၉၉၈ ခုနှစ်တွင် လွိုင်ကော်ကောလိပ်၊ ၂၀၀၂ ခုနှစ်တွင် လွိုင်ကော်ဒီဂရီကောလိပ်အဆင့်မှ ၂၀၀၃ ခုနှစ်တွင် လွိုင်ကော်တက္ကသိုလ်အဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့ပြီး တက္ကသိုလ် ပင်မဆောင်ကို ၂၀၀၇ ခုနှစ်တွင် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ယခုအခါ အထူးပြုဘာသာရပ် ၁၂ ခုကို သင်ကြားပို့ချပေးလျက်ရှိပြီး ယခုနှစ် ပညာသင်နှစ်တွင် နေ့သင်တန်း ကျောင်းသား၊ ကျောင်းသူ ၄၃၇ဦးနှင့် အဝေးသင် ကျောင်းသား၊ ကျောင်းသူ ၁၈၅၈ ဦး စုစုပေါင်း ၂၅၉၅ ဦးတို့ ပညာသင်လျက်ရှိကြောင်း သိရသည်။ ဘာသာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများကိုလည်း ပြုစုလျက်ရှိကြောင်း သိရသည်။

ဘွဲ့နှင်းသဘင်အခမ်းအနားကို ၂၀၀၅ ခုနှစ်မှစတင်၍ ပထမအကြိမ်အဖြစ် ကျင်းပနိုင်ခဲ့သဖြင့် ယခု ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလအထိ စတုတ္ထအကြိမ်ရှိခဲ့ပြီး ဘွဲ့အပ်နှင်းခံရသူ ၂၃၄ ဦး ရှိခဲ့ကြောင်းလည်း သိရသည်။

၂၀၀၈-၂၀၀၉ ခုနှစ် ပညာသင်နှစ် ပထမပညာသင်ကာလအတွင်း မဟာတန်းကို ဖွင့်လှစ်ပို့ချလျက်ရှိပြီး ယခုလာမည့် ပဉ္စမအကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် ဘွဲ့လွန်မဟာသိပ္ပံဘွဲ့ကို အပ်နှင်းရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။



**လွိုင်ကော်တက္ကသိုလ် ပါမောက္ခချုပ် ဦးစိန်ဦး။**

သို့အတွက် ပြည်နယ်အတွက်သာမက နိုင်ငံတော်အတွက်ပါ ဂုဏ်ယူဖွယ်ရာဖြစ်ရာ လွိုင်ကော်တက္ကသိုလ်၏ ပညာရည်မြင့်မားတိုးတက်မှုနှင့် စပ်လျဉ်း၍ ပါမောက္ခချုပ် ဦးစိန်ဦးက "နိုင်ငံတော်က ယခုလို တက္ကသိုလ်ကြီးတွေ ဖွင့်လှစ်ပေးခဲ့တဲ့အတွက် ဒေသခံကျောင်းသား ကျောင်းသူများအနေနဲ့ ကိုယ့်ပြည်နယ်၊ ကိုယ့်တက္ကသိုလ်မှာပဲ ပညာသင်ကြားနိုင်ဖို့ အခွင့်အလမ်းတွေ ရရှိခဲ့ကြပါတယ်။ သင်ကြားပို့ချပေးနေတဲ့ ဆရာ၊ ဆရာမတွေကလည်း အရည်အချင်းပြည့်ဝသူ ပါရဂူဘွဲ့၊ မဟာဘွဲ့ရ ဆရာ ဆရာမတွေ အများစုဖြစ်တဲ့အတွက် ဒေသခံကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ ငွေကြေးအကုန်အကျသက်သာစွာနဲ့ ကိုယ့်ပြည်နယ် ကိုယ့်ဒေသမှာ ဘွဲ့လွန်သင်တန်း မဟာတန်းအထိ တက်ရောက်ပညာသင်ကြားနိုင်ပြီ ဖြစ်ပါတယ်။ ဒါဟာ နိုင်ငံတော်ရဲ့ ကျေးဇူးပါ။ ပြည်နယ်အတွက်လည်း ဂုဏ်ယူစရာပါ။ ကလေးတွေကလည်း ဒီမှာတက်ရတာကို ဂုဏ်ယူကြပါတယ်"ဟု ပြောကြားသည်။

ထိုမှတစ်ဆင့် ကျွန်တော်တို့သည် ကွန်ပျူတာတက္ကသိုလ်သို့ ဆက်လက် လေ့လာခဲ့ပါသည်။ အဆိုပါတက္ကသိုလ်မှာ လွိုင်ကော်မြို့ မြို့ပတ်လမ်း အရှေ့ဘက်တွင် တည်ရှိပြီး အကျယ်အဝန်းအားဖြင့် ၃၆ ဒသမ ၅၂ ဧက ရှိသည်။ အိုင်တီ(IT) ပညာရှင်များ၊ အဆင့်မြင့်ပညာရှင်များအဖြစ် ပြုစုပျိုးထောင်ပေးရန် ရည်ရွယ်၍ ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်တွင် တက္ကသိုလ်အဖြစ် အဆင့်မြှင့် ဖွင့်လှစ်နိုင်ခဲ့သည်။ ၂၀၀၇-၂၀၀၈ ခုနှစ် ပညာသင်နှစ်တွင် ဘွဲ့လွန်ဒီပလိုမာ၊ ဘွဲ့ကြိုဒီပလိုမာနှင့် ကွန်ပျူတာသိပ္ပံဘွဲ့၊ ကွန်ပျူတာနည်းပညာဘွဲ့၊ ကွန်ပျူတာသိပ္ပံဂုဏ်ထူးဘွဲ့နှင့် ကွန်ပျူတာနည်းပညာဂုဏ်ထူးဘွဲ့အပါအဝင် သင်တန်းအမျိုးအစားအလိုက် ကျောင်းသားကျောင်းသူ ၁၂၃ဦးတို့ တက်ရောက်သင်ကြားလျက်ရှိသည်။

ထပ်မံ၍ သုံးထပ်ဆောင်အသစ်ကို တိုးချဲ့တည်ဆောက်ရန် ၂၀၀၈ ခုနှစ် ဇွန် ၅ ရက်တွင် အုတ်မြစ်ချခဲ့ကြောင်း သိရသည်။

ကွန်ပျူတာတက္ကသိုလ်ကြီး ပြည်နယ်အတွင်း ဤသို့ဖွင့်လှစ်နိုင်ခဲ့၍ ဒေသခံ IT အဆင့်မြင့် ပညာရှင်များ တိုးတက်မွေးထုတ်နိုင်ခဲ့ချေပြီ။ ယခုဆိုလျှင် လွိုင်ကော်မြို့ပေါ်တွင် အင်တာနက်ဆိုင်များပါ ဖွင့်လှစ်နိုင်သည်အထိ တိုးတက်လာခဲ့ပြီဖြစ်သည်။

နည်းပညာတက္ကသိုလ် (လွိုင်ကော်)ကား လွိုင်ကော်မြို့ ရွာတန်းရှည်ကျေးရွာ (အရှေ့ဘက်)တွင် တည်ရှိပြီး အကျယ်အဝန်းအားဖြင့် ၈၇ ဒသမ၄၆ ဧက ကျယ်ဝန်းသည်။

၁၉၈၂ ခုနှစ်တွင် စက်မှုလက်မှု အထက်တန်းကျောင်း၊ ၁၉၉၈ ခုနှစ်တွင် အစိုးရစက်မှုလက်မှုသိပ္ပံ၊ ၂၀၀၁ ခုနှစ်တွင် အစိုးရနည်းပညာကောလိပ်၊ ၂၀၀၇ ခုနှစ်တွင်မူ နည်းပညာတက္ကသိုလ်အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့သည်။

အင်ဂျင်နီယာပညာရှင်များ တိုးတက်ဖွံ့ဖြိုးစေရန်၊ လူငယ်လူရွယ်များအားလုံး စက်မှုပညာသင်ကြားမှု အခွင့်အရေး တစ်ပြေးညီရရှိစေရန်၊ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်နိုင်ရန် ရည်ရွယ်၍ မြို့ပြအင်ဂျင်နီယာသင်တန်း၊ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာသင်တန်း၊ အီလက်ထရွန်နစ်အင်ဂျင်နီယာသင်တန်းနှင့် စက်မှုအင်ဂျင်နီယာ သင်တန်းများကို သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၅၃ဦးတို့ တက်ရောက် ပညာသင်ကြားလျက်ရှိပြီး ဘွဲ့နှင်းသဘင်အခမ်းအနားမှာ စတုတ္ထအကြိမ်တိုင်ခဲ့ချေပြီ။

မကြာမီကာလအတွင်း ကျောင်းသား ကျောင်းသူဦးရေ ၃၀၀၀ တက်ရောက်ပညာသင်ကြားနိုင်မည့် ပင်မသုံးထပ်ကျောင်းဆောင်ကြီးကိုလည်း ဖွင့်လှစ်နိုင်တော့မည် ဖြစ်ပေသည်။

ဤသည်တို့မှာ မည်သည့်ခေတ်ကာလနှင့်မျှမတူ တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာသည့် ကယားပြည်နယ်၏ ပညာရေးကဏ္ဍဆိုင်ရာ သမိုင်းပြယုဂ်၊ သမိုင်းမြင်ကွင်းတစ်ရပ် ဖြစ်ပေသည်။ တစ်နည်းဆိုရသော် ပြည်နယ်-ပြည်မ၊ တောင်ပေါ်-မြေပြန့်၊ ကျေးလက်-မြို့ပြ မခွဲခြားဘဲ ပြည်ထောင်စုကြီးတစ်ဝန်းလုံး ဆူကြံ့နိမ့်မြင့် ကွာဟမှုမရှိ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရ၏ လက်တွေ့သာဓကတစ်ရပ်ဟု ဆိုရပေတော့မည်။ ။



**စာသင်ခန်းမ**

**လွိုင်ကော် ကွန်ပျူတာ တက္ကသိုလ်၏ စာသင်ခန်းမကို တွေ့ရစဉ်။**

(သတင်းစဉ်)



**လွိုင်ကော် တက္ကသိုလ်ကို ခမ်းနားထည်ဝါစွာ တွေ့ရစဉ်။**

(သတင်းစဉ်)

# အမျိုးသားရေးသန္နိဋ္ဌာန် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရန်

တင်ထွင့်
(အစိုးရတိုင်းရင်းဆေး)

ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ဝတ္ထုပစ္စည်းများ အပ်နှံလှူဒါန်းမှုအတွက် ဆုကြေးငွေ ပေးအပ်ချီးမြှင့်ပွဲကို ၂၀၀၈ခုနှစ် ဩဂုတ်၁၇ရက် နံနက် ၁၀နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ အထူးဧည့်ခန်းမဆောင်၌ ကျင်းပခဲ့သည့်သတင်းကို ဖတ်ရှုလိုက်ရပါသည်။

ယင်းဆုကြေးငွေများ ပေးအပ်ချီးမြှင့်ပွဲတွင် ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဒေသအသီးသီးမှ ရှေးဟောင်းပစ္စည်းများကိုတွေ့ရှိ၍ နိုင်ငံတော်သို့ တာဝန်သိစွာ အပ်နှံသူများကို ရှေးဟောင်းပစ္စည်း၏ လက်ရှိတန်ဖိုး အပြင် ခေတ်ကာလတန်ဖိုး၊ လက်ရာတန်ဖိုးများပါ ထပ်ဆောင်းလျက် ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ပေးအပ်လျက်ရှိကြောင်း မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် မိုင်းမောပျူမြို့ဟောင်းမှ ရွှေဆင်းတု၊ ငွေဆင်းတု၊ ငွေစေတီနှင့် ရှေးဟောင်းပစ္စည်း ၂၇ မျိုး တွေ့ရှိအပ်နှံခဲ့မှု အတွက် ဆုကြေးငွေကျပ် ၁၄၆သိန်းကို ၂၀၀၅ ခုနှစ် မေ ၂၇ရက်တွင် လည်းကောင်း၊ နေပြည်တော် ပျဉ်းမနားခရိုင် ကျည်တောင်ကျေးရွာ အုပ်စု သာယာဝှမ်းကျေးရွာအနီးမှ ရွှေဆင်းတု၊ငွေဆင်းတုနှင့် ရှေးဟောင်း ပစ္စည်းများ တွေ့ရှိအပ်နှံမှုအတွက် ဆုကြေးငွေကျပ် ၁၂၆ သိန်းကို ၂၀၀၇ခုနှစ် ဩဂုတ်၂ ရက်တွင်လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း ပြောကြားသွားသည်။ ယခုကဲ့သို့ အမျိုးသားရေး အသိစိတ်ဓာတ် ပြည့်ဝစွာ ရှေးဟောင်းအမွေအနှစ် ဝတ္ထုပစ္စည်းများကို တာဝန်သိစွာ လာရောက် အပ်နှံမှုတို့အတွက် နိုင်ငံတော်အနေဖြင့် အသိအမှတ်ပြု ဂုဏ်ပြုချက်ဖြစ်ကာ မင်္ဂလာရှိသော တုံ့ပြန်မှုတစ်ရပ်ပင်ဖြစ်ကြောင်း မှတ်ယူမိပါသည်။

မြန်မာတို့သည် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်နယ်နိမိတ်တို့ဖြင့် ရှေးနှစ်ပေါင်းများစွာကပင် နေထိုင်လာခဲ့ကြပြီး မြန်မာတို့၏ ယဉ်ကျေးမှု သမိုင်းကြောင်းသည် လွန်ခဲ့သော နှစ်ပေါင်း ထောင်ချီသည့်အချိန် ကာလမှစတင်ကာ ဖြစ်ပေါ်ထွန်းကားခဲ့ပေသည်။ မြန်မာတို့၏ ယဉ်ကျေးမှုသည် အဆင့်အတန်းမြင့်မားသည့်အပြင်ခေတ်အဆက်ဆက်ထွန်းကား တည်တံ့ခဲ့ကြောင်းကို မျက်မှောက်ခေတ်တွင် မြင်တွေ့နေရသည့် ရှေးဟောင်းနန်းတော်ရာများ(ဥပမာ-ပထမမြန်မာနိုင်ငံတည် အနော်ရထာမင်းကြီး၏ နန်းတော်ရာ၊ ဒုတိယမြန်မာနိုင်ငံတည် ဘုရင့်နောင် မင်းတရားကြီး၏ ကမ္ဘောဇသာဒီနန်းတော်ရာ၊ တတိယမြန်မာနိုင်ငံတည် အလောင်းမင်းတရားကြီး၏ ရွှေဘုံရတနာမင်္ဂလာ နန်းတော်ရာ. . . စသည်)၊ ရှေးဟောင်းသာသနိက အဆောက်အအုံများ (ဥပမာ ကုန်းဘောင်ခေတ်လက်ရာ မယ်နုအုတ်ကျောင်းနှင့် ရွှေနန်းတော်ကျောင်း၊ ရှင်အရိယဝံသ တစ်ပါးကျောင်း ကုသိုလ်တော်ဘုရားရှိ ကျောက်စာရုံ များ၊ လေးထပ်အုတ်ကျောင်း၊ ကြောင်လိန်ဘုရား စသည့်) ဗိသုကာ လက်ရာများ တူးဖော်ရရှိခဲ့သည့် ရှေးဟောင်းအမွေအနှစ်ပစ္စည်းများက သက်သေခံလျက် ရှိပေသည်။

မြန်မာနိုင်ငံ အနှံ့အပြားရှိ ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာ ရှေးဟောင်းဒေသများကို ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် စဉ်ဆက် မပြတ် ဖော်ထုတ်သုတေသနပြုချက်များနှင့် စပ်လျဉ်း၍ ၂၀၀၈ ခုနှစ် ဩဂုတ် ၂၂ရက်နေ့ထုတ် သတင်းစာများတွင် ဝမ်းမြောက်ဂုဏ်ယူဖွယ် သတင်းဖတ်ရှုလိုက်ရပြန်ပါသည်။

အဆိုပါ သတင်းများမှာ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်း သုတေသန အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာနမှ **"၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ပျူယဉ်ကျေးမှုဒေသဖြစ်သည့် သရေခေတ္တရာမြို့ဟောင်းမှ ပျူခေတ်၏ ဗိသုကာလက်ရာများ၊ လူ့အသုံး အဆောင်များတူးဖော်တွေ့ရှိခြင်း"**သတင်းနှင့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာ ရေးနှစ်တွင် **"ပျူမြို့ဟောင်းတစ်ခုဖြစ်သည့် ဟန်လင်းမြို့ဟောင်းကို ထပ်မံတူးဖော်သုတေသနပြုတွေ့ရှိချက်များအရပျူယဉ်ကျေးမှုထွန်းကား သည့်ကာလမတိုင်မီကပင် လူသားများနေထိုင်ခဲ့ကြောင်း၊ မြန်မာ့ သမိုင်းမတိုင်မီ ခေတ်ယဉ်ကျေးမှု ကွင်းဆက်အဖြစ် တန်ဖိုးကြီးမား ကြောင်း"** သတင်းတို့ ဖြစ်ပါသည်။ ၎င်းသတင်းတို့တွင် သရေခေတ္တရာ မြို့ဟောင်းရှိ ကုန်းလေးခုမှ တူးဖော် တွေ့ရှိရသော အုတ်တန်းများအရ ထိုခေတ်ဗိသုကာ ပညာရှင်များ၏ စေတီပုထိုးများကို ကြီးကျယ်ခမ်းနား စွာ တည်ဆောက်နိုင်သည့် ကျွမ်းကျင်မှုစွမ်းရည် အခြယ်အလှယ်ဒီဇိုင်းပါ အိုးခြမ်းကွဲများ၊ စဉ့်ထည် အကွဲစများ၊ အုတ်ခွက်ဆင်းတုများအရ ပျူခေတ်ဗိသုကာ လက်ရာများ၏ အဆင့်အတန်းမြင့်မားမှု တူးဖော် တွေ့ရှိသော ကွင်းကျန် အဆောက်အအုံသည် ပျူခေတ်တွင် ခံ့ညား ထယ်ဝါစွာ ဆောက်လုပ်ခဲ့သည့် ဘာသာရေးဆိုင်ရာ အဆောက်အအုံ တစ်ခုဖြစ်ကြောင်း၊ ကွင်းကျန် အုတ်ရိုးများအရ ပျူခေတ်နှောင်းပိုင်း ဆောက်လုပ်ခဲ့သော အဆောက် အအုံများဖြစ်၍ ပျူခေတ်ပျက်သုဉ်းပြီး နှောင်းပိုင်း၌လည်း လူများနေထိုင်မှုရှိခဲ့ကြောင်း၊ ရှေးဟောင်းပျူလူမျိုး များ၏ အဆင့်အတန်း၊ မြင့်မားသော တွေးခေါ်ကြံဆမှုတို့ဖြင့် သရေ ခေတ္တရာမြို့ကြီးကို တည်ဆောက်ကာကွယ်ခဲ့ကြပုံနှင့် သရေခေတ္တရာမြို့ ၏ ဖွံ့ဖြိုးတိုးတက်ခဲ့မှုသမိုင်းစဉ်တို့ကို လေ့လာသုတေသနပြုနိုင်ခဲ့ကြောင်း ဖော်ပြထားပါသည်။ ဟန်လင်းပျူမြို့ဟောင်းကို ထပ်မံသုတေသနပြု

တွေ့ရှိချက်များနှင့် စပ်လျဉ်းပြီး မြို့ဟောင်းတစ်နေရာတည်း၌ ကြေးခေတ်၊ သံခေတ်၊ ပျူခေတ်မှစ၍ ယနေ့ခေတ်တိုင်ခေတ်အဆက်ဆက် ယဉ်ကျေးမှု ထွန်းကား သောနေရာဖြစ်ကြောင်း၊ ပျူယဉ်ကျေးမှုထွန်းကားသည့်ကာလ မတိုင်မီ ကတည်းကပင် ယင်းဒေသ၌ လူသားများ အစဉ်အဆက် နေထိုင်ခဲ့ မှုကို တွေ့ရှိရကြောင်းနှင့် အဆိုပါသုတေသနပြု တွေ့ရှိချက်များသည် မြန်မာ့ သမိုင်းမတိုင်မီခေတ်၊ ယဉ်ကျေးမှု၏ကွင်းဆက်အဖြစ် တန်ဖိုးကြီးမား ကြောင်း ဖော်ပြထားပါသည်။

လွန်ခဲ့သော ၁၉၉၇ ခုနှစ်က မြန်မာနိုင်ငံ ပုံတောင်ပုံညာဒေသတွင် မြန်မာသုတေသီများနှင့် နိုင်ငံတကာ ပညာရှင်များ ပူးပေါင်းရှာဖွေ တွေ့ရှိခဲ့သော ပရိုင်းမိတ်များကို သုတေသနပြုချက်အရ လွန်ခဲ့သော နှစ်ပေါင်း သန်း ၄၀ သက်တမ်းရှိကြောင်း၊ နိုင်ငံတကာ ရှေးဟောင်း သုတေသနပညာရှင်များက လက်ခံသဘောတူခဲ့ကြသည့်အတွက် အီဂျစ် နိုင်ငံ ဖာယွန်ဒေသတွင် တွေ့ရှိခဲ့သော နှစ်ပေါင်း ၃၃ သန်း သက်တမ်းရှိ ပရိုင်းမိတ်များထက် နှစ်ပေါင်း ခုနစ်သန်း ပိုမိုရှေးကျကြောင်း၊ ပြင်သစ်၊ အမေရိကန်အပါအဝင် ပညာရှင်များက ကမ္ဘာသိကြေညာခဲ့ကြရာ ယခင် "လူသားမျိုးနွယ်စုအစ၊ အာဖရိကတိုက်က" ဟူသည့် အဆိုကို ချေဖျက် နိုင်ခဲ့ပြီး "လူသားအစ၊ မြန်မာက" ဟူ၍ အသိအမှတ်ပြု လက်ခံကာ ၅-၉-၁၉၉၇ ရက်နေ့ထုတ် Time မဂ္ဂဇင်းတွင် "မြန်မာအရိုးများက အာဖရိက ဇာစ်မြစ်ကို စိန်ခေါ်လိုက်သည်"ဟု ရေးသားဖော်ပြခြင်း ခံခဲ့ရ သည်မှာ မြန်မာတိုင်းအဖို့ ဂုဏ်ယူစရာဖြစ်သည်သာမက အာရှတိုက်ကြီး တစ်ခုလုံးအတွက်ပါ ဂုဏ်ယူဝမ်းမြောက်ဖွယ် ဖြစ်ရပေသည်။

ယင်းသို့ သုတေသီပညာရှင်များ၏ ကြိုးပမ်းရှာဖွေ ဖော်ထုတ် သုတေသနပြုဆောင်ရွက်ချက် စွမ်းဆောင်မှုများအရ လည်းကောင်း၊ နေရာဒေသအသီးသီးမှ တာဝန်သိပြည်သူများ၏ တွေ့ရှိအပ်နှံမှုများအရ လည်းကောင်း သမိုင်းတန်ဖိုး၊ ယဉ်ကျေးမှုတန်ဖိုးနှင့် သက်တမ်းကြာမြင့် သည့် ကာလတန်ဖိုးများ ကြီးမားလှသည့် ရှေးဟောင်းအမွေအနှစ်ပစ္စည်း များကို မြန်မာနိုင်ငံ နေရာဒေသအနှံ့အပြားတွင် ဂုဏ်ယူဝမ်းမြောက်ဖွယ် မြင်တွေ့ကြရသော်လည်း အချို့နေရာဒေသများ၌ ခေတ်အဆက်ဆက် ထွန်းကားတည်တံ့ခဲ့သည့် ယဉ်ကျေးမှုအမွေအနှစ်များ ပျက်စီးဆုံးရှုံးရခြင်း များကို ကြုံတွေ့ကြရသည်မှာ ဝမ်းနည်းဖွယ်ရာ တွေ့မြင်ခံစားရပေသည်။

ရှေးဟောင်းအမွေအနှစ်ပစ္စည်းများ ပျက်စီးဆုံးရှုံးရခြင်းမှာ နှစ်ကာလ ကြာရှည်လာမှု၊ သဘာဝဘေးအန္တရာယ် ရာသီဥတုဒဏ်တို့ကြောင့် ဖြစ်ပေါ်စေသည့်နည်းတူ လူတို့၏ ပြုမူဆောင်ရွက်မှုများကြောင့်လည်း ဖြစ်သည်။

ပျက်စီးဆုံးရှုံးရခြင်းအကြောင်း၏ ပထမအချက်ဖြစ်သော နှစ်ကာလ ကြာရှည်လာမှု၊ ရာသီဥတုနှင့် ပတ်ဝန်းကျင် သဘာဝဘေးအန္တရာယ်များ (ဥပမာ- ရှေးဟောင်းရုပ်ဝတ္ထုနှင့် ရှေးဟောင်းအဆောက်အအုံများတွင် ကျရောက်သော အလင်းရောင်၊ အပူချိန်စိုထိုင်းဆ၊ လေထုညစ်ညမ်းမှု၊ ဆားပွင့်များဖြစ်ပေါ်မှု၊ အသံလှိုင်းတုန်ခါမှု၊ ပိုးမွှားများဝင်ရောက်မှု၊ မှိုများ၊ သစ်ပင်အမြစ်များ ပေါက်ရောက်တွယ်ကပ်မှု)ကြောင့် တန်ဖိုးမဖြတ်နိုင် သည့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဖြစ်သည့် ရုပ်ဝတ္ထုနှင့် အဆောက်အအုံများကို ရှေးမူလက်ရာမပျက် ရေရှည်တည်တံ့ခိုင်မြဲစေရန် ဓာတုဗေဒနည်းစနစ်များ၊ အင်ဂျင်နီယာနည်းစနစ်များဖြင့် နိုင်ငံတော်က ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပေရာ လူတို့၏ပြုမူဆောင်ရွက်ခြင်းကြောင့် ပျက်စီးဆုံးရှုံးရခြင်းကိုလည်း မိမိတို့ပြည်သူတစ်ရပ်လုံးက အမျိုးသားရေး အမြင်ဖြင့် အထူးအလေးပေး ဂရုပြုကာကွယ် ထိန်းသိမ်းစောင့်ရှောက်ကြ ရမည်ဖြစ်ပါသည်။

လူတို့၏ပြုမူဆောင်ရွက်ချက်များကြောင့် ပျက်စီးဆုံးရှုံးရခြင်းတို့မှာ လူတို့၏အသိတရားလွဲမှားခြင်းနှင့် အသိတရားကင်းမဲ့ခြင်းတို့ကြောင့် ဖြစ်ပါသည်။ လူတို့၏အသိတရားလွဲမှားသည့် ပြုမူဆောင်ရွက်ချက်များ တွင် ရှေးဟောင်းအမွေအနှစ် သာသနိကအဆောက်အအုံများ၌ ဆီမီး ပူဇော်ခြင်း၊ ထုံးသင်္ကန်းကပ်လှူခြင်းများ စသည့် အသိမဲ့သဒ္ဓါလွန်ကဲခြင်း၊ မသိနားမလည်မှုများကြောင့် ရှေးဟောင်းအဆောက်အအုံများရှိ နံရံ ဆေးရေးပန်းချီများ၊ အနုပညာလက်ရာများပေါ်တွင် လက်များဖြင့် ပွတ်သပ်ခြင်း၊ ရေးခြစ်ခြင်း၊ ယုံကြည်ကိုးကွယ်မှုအရ ပြင်ဆင်မွမ်းမံခြင်း၊ ရွှေ့ပြောင်း ဆောက်လုပ်ခြင်း၊ အဆောက်အအုံများ၏ အနီးပတ်ဝန်းကျင် တွင် ချက်ပြုတ်စားသောက်ခြင်း စသည့်အချက်များ ပါဝင်ပါသည်။ လူတို့၏ အသိတရားကင်းမဲ့သည့် ပြုမူဆောင်ရွက်ချက်များတွင် ရှေးဟောင်းပစ္စည်းများ၏ တန်ဖိုးကို နားလည်ပြီး အတ္တကိုယ်ကျိုး စီးပွားတစ်ခုတည်းအတွက် မတော်လောဘဖြင့် ရှေးဟောင်းပစ္စည်း များကို ဖျက်ဆီးခိုးယူခြင်း၊ နည်းမျိုးစုံဖြင့် ရှာဖွေဖော်ထုတ် စုဆောင်းကာ ပြည်ပဈေးကွက်သို့ မှောင်ခိုကုန်ကူး ရောင်းချခြင်းတို့ ပါဝင်ပါသည်။

အဆိုပါ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် စပ်လျဉ်း၍ မူလရှေးဟောင်းအဆောက်အအုံများ၊ ဝတ္ထုပစ္စည်းများ ရှာဖွေဖော်ထုတ် ထိန်းသိမ်းခြင်း လုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီ



ဟန်လင်းမြို့ဟောင်း ကုန်းအမှတ် (၂၈)ကို တူးဖော် သုတေသနပြုနေပုံ။

ပစ္စည်းများ၊ နည်းစနစ်များဖြင့် ဆောင်ရွက်အကောင်အထည် ဖော်လျက် ရှိသကဲ့သို့"ရှေးဟောင်းဝတ္ထုပစ္စည်းများအက်ဥပဒေ"၊ "ယဉ်ကျေးမှုအမွေ အနှစ် ဒေသများကာကွယ်ထိန်းသိမ်းရေးဥပဒေ" စသည်တို့ကို သတ်မှတ် ပြဋ္ဌာန်းပြီး ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက် ရှိပေသည်။

ထို့ပြင်နိုင်ငံတော်က မြန်မာနိုင်ငံအနှံ့အပြားတွင် ယဉ်ကျေးမှုအမွေ အနှစ်ဇုန်နယ်မြေများ သတ်မှတ်ကာရှာဖွေတူးဖော်ရရှိသည့်ခေတ်အဆက် ဆက်က တည်ရှိလာသော ရှေးဟောင်းအမွေအနှစ် ပစ္စည်းများကို သုတေသနပြုခြင်း၊ မှတ်တမ်းတင်ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြတိုက်များ ဖွင့်လှစ်ပြသခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပေသည်။

ယနေ့ကာလတွင်နိုင်ငံတော်က မြန်မာ့ယဉ်ကျေးမှု ရှေးဟောင်း အမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်း များကို စနစ်တကျ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်နည်းတူ တိုင်းရင်း သား ပြည်သူတစ်ရပ်လုံးကလည်း အမျိုးသားရေးစိတ်ဓာတ် အပြည့်အဝ ဖြင့် ၎င်းအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ပေသည်။ သို့မှသာလျှင် နောင်နှစ်ပေါင်းများစွာ ကြာမြင့်သည်တိုင် ရှည်လျားသော မြန်မာ့သမိုင်းကြောင်းကို သက်သေပြု ဂုဏ်ယူဝံ့ကြွားနိုင် ပေမည်။

သို့ဖြစ်ရာ မြန်မာတို့၏ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားမှုကို ဖော်ညွှန်း သက်သေပြုလျက်ရှိသည့် ခေတ်အဆက်ဆက်၊ မင်းအဆက်ဆက်က ပညာရှင်များ၊ ပြည်သူများနှင့် ပူးပေါင်းလျက် ဖွဲ့၊ လှံ့လ၊ ဝီရိယကြီးမား စွာတည်ဆောက်မှုတို့ဖြင့် ယနေ့မျက်မှောက်ခေတ်တွင် မျက်ဝါးထင်ထင် တွေ့မြင်နေရသော အဖိုးမဖြတ်နိုင်သည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် များကို အမျိုးသားရေး ကိုယ်ခံစွမ်းအားဖြင့် ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ရေးအတွက် ကျွန်ုပ်တို့ပြည်သူတစ်ရပ်လုံးက အမျိုးသားရေး သန္နိဋ္ဌာန်ချမှတ် ကြိုးပမ်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။ ။



## ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ကာယအလှမောင်ပြိုင်ပွဲနှင့် ကာယအလှမယ်ပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် နိုဝင်ဘာ ၃**

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ခြောက်ခရိုင် ကာယအလှမောင်ပြိုင်ပွဲနှင့် ၂၆မြို့နယ် ကာယ အလှမယ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၆ရက် ည ၇ နာရီတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ခြောက်ခရိုင် ကာယအလှမောင်ပြိုင်ပွဲ၌ ပထမဆုရရှိသော ပုသိမ်ခရိုင်မှ ဇော်မင်းထွန်း၊ ဒုတိယဆုရ မြောင်းမြခရိုင်မှ အောင်မြင့်ကြိုင်၊ တတိယဆုရ ပုသိမ်ခရိုင်မှ ကျော်ကျော်တို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။ ထို့နောက် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဆွေက အမှတ်အများဆုံးရရှိသော ပုသိမ်ခရိုင် ကာယဗလနှင့် ကာယအလှမယ် ဆပ်ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရင်နှင့် အတွင်းရေးမှူး ဦးအေးကျော်တို့အား ဆုဖလားကို ပေးအပ်သည်။ **(အပေါ်ပုံ)**

အဆိုပါအခမ်းအနားတွင် ၂၆ မြို့နယ် ကာယအလှမယ်ပြိုင်ပွဲ၌ ကျိုက်လတ်မြို့နယ်မှ မနော်ဆိုဖီယာက ပထမ သရဖူရရှိပြီး၊ မြောင်းမြမြို့နယ်မှ မခင်သက်မွန်ဝင်းက ဒုတိယ၊ ကျောင်းကုန်းမြို့နယ်မှ မစီစီစိန်က တတိယရရှိခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## ဒသမအကြိမ်မြောက် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃**

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးကြပ်၍ မြန်မာဂေါက်ကလပ်က ကျင်းပသော ၂၀၀၈ ခုနှစ် ဒသမ အကြိမ်မြောက် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၃၁ ရက်တွင် မြန်မာဂေါက်ကလပ် (၉-မိုင် ပြည်လမ်း)၌ ကျင်းပရာ မြန်မာဂေါက်ကလပ် ဥက္ကဋ္ဌ ဦးသိန်းဝင်းက ပြိုင်ပွဲအတွက် ဆုများနှင့် ဆုကြေးများကို ကူညီပံ့ပိုးခဲ့ကြသော အလှူရှင်များကိုယ်စား ဂုဏ်ပြုမှတ်တမ်းလွှာများကို ဦးခွန်မြတ်ထံ ပေးအပ်သည်။

ထို့နောက် မြန်မာဂေါက်ကလပ် အတွင်းရေးမှူး ဦးမြင့်စိုးက အသက် (၁၀-၁၂)နှစ် အတန်း ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူ ခြောက်ဦးနှင့် ပဥ္စမဆုရ သာထက်အောင်၊ စတုတ္ထဆုရ Brandan၊ တတိယဆုရ ဝင်းဖြိုး၊ ဒုတိယဆုရ စည်သူရဲရင့်နှင့် ပထမဆုရ ဝေယံလင်းတို့အားလည်းကောင်း၊ မြန်မာဂေါက်ကလပ်အမှုဆောင် ဦးချိုအောင်က အသက်(၁၃-၁၅)နှစ် အတန်းပြိုင်ပွဲတွင် နှစ်သိမ့်ဆု ငါးဦးနှင့် ပဥ္စမဆုရ အောင်ကျော်လင်း၊ စတုတ္ထဆုရ ခွန်အောင်မြတ်၊ တတိယဆုရ အောင်ချစ်မင်း၊ ဒုတိယဆုရ ရဲလွင်ဦးနှင့် ပထမဆုရ ယဉ်မေမျိုးတို့အားလည်းကောင်း၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အမှုဆောင် ဦးချမ်းဟန်က အသက်(၁၆-၂၀)နှစ် အတန်းပြိုင်ပွဲတွင် နှစ်သိမ့်ဆုငါးဦးနှင့် ပဥ္စမဆုရ အောင်မျိုးဟိန်း၊ စတုတ္ထဆုရ အေးမင်းထိုက်၊ တတိယဆုရ ဇင်မင်းသူ၊ ဒုတိယဆုရ ဇော်ဇော်ထွန်းနှင့် ပထမဆုရ သိန်းနိုင်စိုးတို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းဒသမအကြိမ်မြောက် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် Srixon, KM Golf Center, Double Eagle Golf, Transview Golf Shop, Pan-West Co., Ltd, Standard House Golf, Yamato Golf Shop တို့က ဆုတံဆိပ်များနှင့် ဂေါက်သီးရိုက်ပစ္စည်းများကို လည်းကောင်း၊ ဦးဝင်းမြင့်ချင်း၊ ဦးခွန်မြတ်၊ Theik Diamond, Myanmar Exploritation, Point Golf Shop, Thet Paing Soe Co, Ltd, Korean Ginseng, မောင်ဇွဲလင်းငွေနှင့် ဦးအောင်နိုင်ဦးတို့က ပြိုင်ပွဲအတွက် အလှူငွေများကိုလည်းကောင်း ကူညီပံ့ပိုးကြပြီး ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် မြန်မာဂေါက်ကလပ်နှင့် Han Event Management တို့က တာဝန်ယူ ဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သင့် သွေး ဖြင့် အသက် ကယ် ပါ

**၂၀၀၈ ခုနှစ် ဒသမအကြိမ်မြောက် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုရရှိကြသူများအား တွေ့ရစဉ်။**
(မြန်မာဂေါက်ကလပ်)




## မိုးစပါး ရိတ်သိမ်းခြွေလှေ့စက်ဖြင့်ရိတ်သိမ်းပွဲ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး ကြည့်ရှုအားပေး

**ရန်ကုန် နိုဝင်ဘာ ၃**

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးသည် အောက်တိုဘာ ၂၃ ရက် နံနက် ၉ နာရီခွဲတွင် မြိတ်မြို့နယ် ပသောင်းကျေးရွာ ကွင်းအမှတ် (၂၃၆) တောင်သူ ဒေါ်ဘွန်း၏ လယ်မြေ၌ ကျင်းပသော မိုးစပါးရိတ်သိမ်းပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါမိုးစပါးရိတ်သိမ်းပွဲတွင် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးမှုဖြင့် ငွေကျပ် ၁၃၅ သိန်းဖြင့် ဝယ်ယူထားသော စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခဲ့ရာ ဒေသခံတောင်သူလယ်သမားများ စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးကြသည်။

(တိုင်းပြန်/ဆက်)



**မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် နာယက၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း၏ ဒုတိယအကြိမ် နှစ်ပတ်လည်သင်းလုံးကျွတ် အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။** (မွေး/ရေ)

## မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အခမ်းအနား ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် နိုဝင်ဘာ ၃

**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း၏ ဒုတိယအကြိမ် နှစ်ပတ်လည်သင်းလုံးကျွတ် အခမ်းအနားကို နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီတွင် အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် နာယက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်၍ အမှာစကား ပြောကြားသည်။**

ထို့နောက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးငွေးမြင့်နှင့် မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်စိုးတို့က ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြပြီး မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း အကြံပေးပုဂ္ဂိုလ် ဒေါက်တာစန်းအောင်က မြန်မာ့ပင်လယ်ပြင်သယံဇာတ ထုတ်ယူသုံးစွဲရေးဆိုင်ရာ အခြေအနေများကို ဆွေးနွေးတင်ပြသည်။ ဆက်လက်၍ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းသို့ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းထံ မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးမောင်မောင်စိုးက ခရမ်းမြို့ ရွှေလှေကျေးရွာအတွက် ငွေကျပ်၁၀ သိန်း၊ ငါးလုပ်ငန်းဦးစီးဌာနသို့ ငွေကျပ် ၁၅ သိန်းကို ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၄-၁၁-၂၀၀၈ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၁၅ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၂၅ ၅။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၅း၀၀ ၇။ မျိုးချစ်တပ်မတော်
၅း၂၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၅း၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မင်းသမီးရဲ့နေ့စဉ်မှတ်တမ်း (အပိုင်း-၈)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေး တေးကဗျာ
၁၉။ မိုးကုတ်ဆရာတော်ကြီး၏ထေရုပ္ပတ္တိ
၂၀။ မွေးမြူသုတ
၂၁။ ဗွီစီဒီကျော်ကြား တေးများ
၂၂။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ငါးကလေး (အပိုင်း-၄)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများ လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်

နေပြည်တော် နိုဝင်ဘာ ၃

**ရဟန်းရှင်လူ ပြည်သူများအနေဖြင့် ရန်ကုန်မြို့ရှိ ရွှေတိဂုံ စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရသကဲ့သို့ နေပြည်တော်တွင်လည်း ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ရွှေတိဂုံပုံစံတူ ဉာဏ်တော် ၃၂၅ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"အား တည်ထားပူဇော်လျက်ရှိသည်။**

မြန်မာသက္ကရာဇ် (၁၃၇၀)ပြည့်နှစ် တပေါင်းပွဲတော်တွင် ကျင်းပမည့် ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော်ဆက်ကပ်မည့် အခမ်းအနားကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးပြီးစီးမည့် အချိန်နှင့် ကိုက်ညှိပြီး နေပြည်တော်၌ ကျင်းပမည်ဖြစ်သည်။

စေတီတော်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား ပါဝင်လှူဒါန်းလိုပါက ရွှေပြား ၁ ပေ × ၁ပေ ၂၉၆၄ချပ် တစ်ချပ် ၁၆၂၀၀၀၀ နှုန်း၊ ကျောက်ပြား(မာဘယ်) ၂ပေ × ၂ပေ ၂၂၈၁၉ချပ် တစ်ချပ် ၂၂၀၀၀နှုန်း၊ စကျင်ကျောက် ၂ပေ × ၂ပေ ၁၀၀၈၈၉ချပ် တစ်ချပ် ၁၃၀၀၀နှုန်း၊ မြစ်သားကျောက် ၂ပေ × ၂ပေ ၂၄၇၈၆ချပ် တစ်ချပ် ၁၃၀၀၀နှုန်းဖြင့် ပါဝင်လှူဒါန်းနိုင်ကြသည်။

လှူဒါန်းလိုသူများသည် "ဥပ္ပါတသန္တိစေတီတော်" ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း- ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။

(သတင်းစဉ်)



**ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အလုပ်အမှုဆောင်များအား အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

# ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အလုပ်အမှုဆောင်များနှင့်တွေ့ဆုံ

ရန်ကုန် နိုဝင်ဘာ ၃

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အလုပ်အမှုဆောင်များနှင့် တွေ့ဆုံသည်။**

တွေ့ဆုံပွဲသို့ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးမြင့်သိန်းဖေနှင့် အလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အဖွင့်အမှာစကား ပြောကြားရာတွင် ရုပ်ရှင်လုပ်ငန်းများကို အောင်အောင်မြင်မြင် လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများကို ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးကြရန် ဖြစ်ကြောင်း၊ ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရုပ်ရှင်လောကသားများ၏ အကျိုးအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအနေဖြင့် ဆောင်ရွက်ရမည့် ရည်ရွယ်ချက်(၅)ရပ်၊ ယင်းရည်ရွယ်ချက်(၅)ရပ် အောင်မြင်စေရန်အတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ဦးဆောင် ကြိုးပမ်းဆောင်ရွက်ရမည့် အခြေခံအချက်(၁၂)ချက်နှင့် ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရန်အတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ ဦးဆောင်မှုဖြင့် လုပ်ငန်းရှင်များ ဆောင်ရွက်ရန် အချက်(၅)ချက်စသည်တို့အား ချမှတ်ထားပြီးဖြစ်၍ အဆိုပါ ရည်ရွယ်ချက်များ အောင်မြင်အောင်ဆောင်ရွက် အကောင်အထည်ဖော်ရေးအတွက် အဓိကထား၍ ညှိနှိုင်းဆွေးနွေးကြပြီး လုပ်ငန်းများ အဆင်ပြေအောင်မြင်မှုများရရှိအောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများနှင့်ဆက်စပ်၍ ကြုံတွေ့ရသည့် အခက်အခဲများကို ဝိုင်းဝန်းညှိနှိုင်းဖြေရှင်း ဆောင်ရွက်နိုင်ရန်အတွက်လည်း သက်ဆိုင်ရာကဏ္ဍ၊ အလွှာအလိုက် တာဝန်ရှိသူများက ဆွေးနွေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက အစည်းအရုံး၏ ရည်ရွယ်ချက်နှင့် အခြေခံအချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အလုပ်အမှုဆောင်များနှင့် ရုပ်ရှင်နှင့် ဗီဒီယိုအလွှာအလိုက် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆိုင်ရာ ဆောင်ရွက်နေမှုများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြပြီး မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆွေးနွေးတင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပြီး လိုအပ်သည်များကိုပြန်လည်ဆွေးနွေးမှာကြားခဲ့သည်။ (သတင်းစဉ်)

# ခြင်များကို မျိုးဗီဇပြောင်းလဲခြင်းဖြင့် ငှက်ဖျားရောဂါကူးစက်မှု ထိန်းချုပ်နိုင်

ဝါရှင်တန် နိုဝင်ဘာ ၃

**ဇီဝသိပ္ပံသတင်း**

**ခြင်များ၏ မျိုးရိုးဗီဇကို ပြောင်းလဲခြင်းဖြင့် ငှက်ဖျားရောဂါကူးစက်ပြန့်ပွားမှု မရှိအောင် ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း အမေရိကန်ဆေးသိပ္ပံသုတေသီများက ယနေ့ပြောကြားသည်။**

သိပ္ပံပညာရှင်များ၏ ရည်မှန်းချက်မှာ ငှက်ဖျားရောဂါပိုးအား ခံနိုင်ရည်ရှိသည့် ခြင်များ (Malaria - resistant mosquitoes) ကို မျိုးဗီဇပြောင်းလဲသည့် နည်းလမ်းအရဖန်တီးကာ ဘာသာဘာဝ နေထိုင်ရန် ပြန်လည်လွှတ်ပေးမည်ဖြစ်ကြောင်း၊ မျိုးဗီဇ ပြောင်းလဲထားသော ခြင်များမှာ ပုံမှန်ခြင်များထက် သက်တမ်းပိုမိုရှည်ပြီး ဥဥနှုန်းပိုမိုမြင့်မားကြောင်း၊ ဤသို့ဖြင့် မျိုးဆက်ကိုးဆက်အတွင်း ပေါက်ဖွားသည့် ခြင်ကောင်ရေ ၇၀ရာခိုင်နှုန်းခန့်မှာ ငှက်ဖျားရောဂါပိုးကို ခံနိုင်ရည်ရှိသည့် ခြင်များဖြစ်လာမည်ဖြစ်ကြောင်း၊ မျိုးဗီဇပြောင်းလဲထားသည့် ခြင်ကောင်ရေက ရိုးရိုးခြင်ကောင်ရေထက် များပြားလာခြင်းဖြင့် လူတို့တွင် ငှက်ဖျားရောဂါဖြစ်ပွားနှုန်းကျဆင်းသွားမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံ မေရီလန်းပြည်နယ်ရှိ ဂျွန်ဟော့ပ်ကင်းစ်တက္ကသိုလ်အောက်ရှိ ငှက်ဖျားသုတေသနသိပ္ပံမှ သုတေသီများက ပြောကြားသည်။

လူတို့ထံ ငှက်ဖျားရောဂါကူးစက်ပုံမှာ ရှေးဦးစွာ ငှက်ဖျားရောဂါဖြစ်ပွားနေသော တိရစ္ဆာန်တစ်ကောင်ကို ခြင်မများက အစာအလို့ငှာ သွေးစုပ်ယူခြင်းဖြင့် ပလာစမိုဒီယမ် (Plasmodium) ကပ်ပါးပိုးသည် ခြင်မများ၏ ဝမ်းဗိုက်အတွင်းသို့ ရောက်ရှိသွားသည်။ ဝမ်းဗိုက်ထဲတွင် ၎င်းကပ်ပါးပိုးများ ပွားများလာပြီးနောက် ခြင်မ၏ တံတွေးအကြိတ်မှ တစ်ဆင့် အစာအလို့ငှာ သွေးစုပ်ယူချိန်တွင် အဆိုပါ ကပ်ပါးပိုး ဝင်ရောက်သွားသည်။

ခြင်၏ မျိုးဗီဇကို ပြောင်းလဲပေးခြင်းဖြင့် ပလာစမိုဒီယမ်ကပ်ပါးပိုးကူးစက်မှုကို ရပ်ဆိုင်းနိုင်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အထက်ဖော်ပြပါ ငှက်ဖျား တိုက်ဖျက်ရေးနည်းလမ်းမှာ လက်တွေ့မဆန်ကြောင်း၊ မျိုးဗီဇပြောင်း လဲထားသောခြင်များကို ကောင်ရေသန်းနှင့်ချီကာ တိုးပွားလာအောင် လုပ်ဆောင်ရန်မှာ လွယ်ကူမည်မဟုတ်ကြောင်း ပညာရှင်အချို့က စောဒကတက်မှုရှိသည်။ ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ် ငှက်ဖျားရောဂါကြောင့် လူပေါင်း တစ်သန်းကျော် သေဆုံးရလေ့ရှိသည်။ ငှက်ဖျားကြောင့် သေဆုံးသူ ၉၀ ရာခိုင်နှုန်းမှာ အာဖရိကတိုက် ဆာဟာရသဲကန္တာရတောင်ပိုင်းနိုင်ငံများမှ ကလေးများဖြစ်သည်။

***အင်တာနက်။***



**လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တော်တွင် ခြင်နှိမ်နင်းနိုင်ရန် မော်တော်ကားဖြင့် ခြင်ဆေးမှုတ်နေသည်ကိုတွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# လေဘေးသင့်ပြည်သူများအတွက် ရန်ပုံငွေ ကရုဏာသံစဉ်ပွဲတော် DVD ဖြန့်ချိမည်

ရန်ကုန် နိုဝင်ဘာ ၃

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က လေဘေးသင့်ပြည်သူများအတွက် ရန်ပုံငွေရှာဖွေနိုင်ရန် ကရုဏာသံစဉ်ပွဲတော်(မန္တလေး)၊ Hip Hop ပွဲတော်(ရန်ကုန်)နှင့် IRON CROSS တေးဂီတဖျော်ဖြေပွဲ (ရန်ကုန်)တို့ကို ကျင်းပခဲ့ပြီး ရန်ပုံငွေကျပ်သိန်း ၁၇၀၀ခန့် ရှာဖွေနိုင်ခဲ့သည်။

အဆိုပါပွဲများအနက် Lazy Club, The Trees, Metal Zone တေးဂီတအဖွဲ့ သုံးဖွဲ့နှင့် တေးသံရှင်များစွာတို့က မေတ္တာဖြင့် ပါဝင်သီဆိုခဲ့ကြသည့် ကရုဏာသံစဉ်ပွဲတော်(မန္တလေး)ပွဲမှ နာမည်ကြီးသီချင်းပေါင်း ၅၆ပုဒ်နှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးဝင် တေးသံရှင်များ၊ အနုပညာရှင်များ ကိုယ်တိုင်ကိုယ်ကျသွားရောက် လှူဒါန်းခဲ့ကြသော မော်လမြိုင်ကျွန်းမြို့တစ်ဝိုက်သို့ ကရုဏာသံစဉ်ခရီးသွားမှတ်တမ်းတို့ ပါဝင်သည့် လေဘေးသင့်ပြည်သူများရန်ပုံငွေ ကရုဏာသံစဉ်ပွဲတော် **DVD** ကို **T-Home Electric** က ပံ့ပိုးကူညီပြီး မြန်မာနိုင်ငံဂီတအစည်းအရုံးက နိုဝင်ဘာ ၇ ရက်တွင် စတင်ဖြန့်ချိသွားမည်ဖြစ်၍ ဝယ်ယူကြည့်ရှုအားပေးခြင်းဖြင့် လှူဒါန်းနိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

# မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီးမိသားစု စတုတ္ထအကြိမ် ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၃**

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီး ဈေးသာယာရေးအဖွဲ့က ကြီးမှူး၍ စတုတ္ထအကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲကို နိုဝင်ဘာ ၁၁ရက်တွင် ဘုရင့်နောင်ဈေးကြီးအတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပမည်ဖြစ်သည်။

ယင်းပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် ဘုရင့်နောင်ဈေး သာယာရေးကော်မတီဝင်များ၊ ဈေးသူဈေးသားများ၊ ဈေးကြီးရှိ စည်ပင်သာယာရေးဝန်ထမ်းများ၏ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသည့် သားသမီးများအား ဂုဏ်ပြုဆုငွေ ချီးမြှင့်မည်ဖြစ်ရာ ဂုဏ်ထူးဖြင့်အောင်မြင်သူ တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀၊ ရိုးရိုးအောင်မြင်ပါက ငွေကျပ်၂၀၀၀၀နှင့် ဆုတံဆိပ်ဂုဏ်ပြုလက်မှတ်များပေးအပ်မည်ဖြစ်၍ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသည့် မိသားစုများအနေဖြင့် ဘုရင့်နောင်ဈေးသာယာရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်း ဖုန်း-၆၈၂၆၂၄၊ အတွင်းရေးမှူး ဖုန်း-၇၂၈၄၆၇၊ ဈေးသာယာရေးရုံး ဖုန်း-၆၈၂၀၁၉တို့သို့ ဆက်သွယ်စာရင်းပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၄-၁၁-၂၀၀၈ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | တောင်တန်း သာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | မူဟန်သွယ်သွယ်ဆိုကြမယ် |
| ၇း၅၀ | ၅။ | လက်ဆင့်ကမ်းပေးဂီတတေး |
| ၈း၀၀ | ၆။ | အဆိုပြိုင်ပွဲ |
| ၈း၁၀ | ၇။ | **"မင်းမသိသေးပါဘူးကွာ" (ရောဝှက်ပျောကြော်၊ ချစ်စရာ၊ကြူကြူသင်း၊ အေးအေးခိုင်) (ဒါရိုက်တာ-ဆွေဇင်ထိုက်)** |
| ၈း၂၀ | ၈။ | တေးဂီတအစီအစဉ် |
| ၈း၃၀ | ၉။ | International News. |
| ၈း၄၅ | ၁၀။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ |
| ၉း၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၀ | ၂။ | **"တန်ဖိုး" (ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဏ်း) (ဒါရိုက်တာ-သက်တင်)** |
| ၄း၂၀ | ၃။ | နှောင်းခေတ်တေးပဒေသာ |
| ၄း၃၀ | ၄။ | အတီးပြိုင်ပွဲ |
| ၄း၄၀ | ၅။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ- တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ) |
| ၄း၅၅ | ၆။ | မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ |
| ၅း၀၅ | ၇။ | တေးဂီတအစီအစဉ် |
| ၅း၁၅ | ၈။ | ဆိုကြမယ်၊ ပျော်ကြမယ် |
| ၆း၀၀ | ၉။ | ညနေခင်းသတင်း |
| ၆း၃၀ | ၁၀။ | မိုးလေဝသအခြေအနေ |
| ၆း၃၅ | ၁၁။ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ |
| ၆း၅၀ | ၁၂။ | သုတစုံလင်ရွှေဉာဏ်ရှင် |
| ၇း၁၅ | ၁၃။ | **နိုင်ငံခြား ဇာတ်လမ်းတွဲ "စူပါမင်းနှင့် မာနရှင်" (အပိုင်း-၄)** |
| ၈း၀၀ | ၁၄။ | ပြည်တွင်းသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်းများ |
| | ၁၆။ | မိုးလေဝသအခြေအနေ |
| | ၁၇။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "မျက်ဝန်းရိပ်" (အပိုင်း-၂၄)** |
| | ၁၈။ | အစီအစဉ်ပြီး၏။ |

☆ ကျောဖုံးမှ

**ထို့နောက် စက်ရုံခန်းမ၌ ဝန်ထမ်းများနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ စက်မှုဖွံ့ဖြိုးရေးအတွက်ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားပြီး လုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်မှု အခြေအနေ၊ ငွေကြေးသုံးစွဲမှု အခြေအနေများကို စစ်ဆေးမှာကြားသည်။**

ရင်းရင်းနှီးနှီးတွေ့ဆုံ

**ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းတွင် အရာထမ်း၊အမှုထမ်း အိမ်ထောင်သည်လိုင်းများ၊ အရာထမ်း လူပျို၊ အပျိုခြောက်ခန်းတွဲအိပ်ဆောင်များ၊ အမှုထမ်းလူပျို၊ အပျိုအိပ်ဆောင်များနှင့် စုပေါင်းစားရိပ်သာများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဆောင်ရွက်ပေးကာ အရာထမ်း၊အမှုထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။** (သတင်းစဉ်)

### ● အင်ဒီးစ်တောင်တန်းမှ

ဘိုလီဗီးယားနိုင်ငံရှိ ချာကယ်ကေယာ ရေခဲမြစ်သည် လက်ရှိနှုန်းအတိုင်း ဆက်လက် အရည်ပျော်ဝင်နေမည်ဆိုပါက ၁၅နှစ်အတွင်း ပျောက်ကွယ်သွားမည်ဖြစ်သည်။ ပီရူးနိုင်ငံရှိ နာမည်ကျော် ဟူရာစကာရန်တောင်တွင် တည်ရှိသောရေခဲမြစ်မှာ လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ကာလက ရှိခဲ့သည့် ရေခဲပမာဏ၏ ၄၀ရာခိုင်နှုန်းခန့် အရည်ပျော်ဆင်းမှုနှင့် တွေ့ကြုံခဲ့ရသည်။ ချီလီနိုင်ငံရှိ အိုဟစ်ဂင်ရေခဲမြစ်မှာမူ နှစ်ပေါင်း ၁၀၀ အတွင်း ကိုးမိုင်ခန့် ကျုံ့ဝင်သွားခဲ့ပြီး အာဂျင်တီးနားနိုင်ငံရှိ အပ်ဆာလာရေခဲမြစ်မှာ တစ်နှစ်လျှင် ၁၄မီတာ(၄၆ပေ) နှုန်းဖြင့် ကျုံ့လာနေကြောင်း ကာမင်းဖဲလစ်က ပြောကြားသည်။

**အရည်ပျော်ဝင်လျက်ရှိ**

ပေတစ်သောင်းကျော်မြင့်သည့် တောင်ထွတ်အချို့ တည်ရှိရာ ပန်တာဂိုးနီးယား တောင်တန်းဒေသ တောင်ပိုင်းရှိ ရေခဲမြစ်များမှာ ထိခိုက်ပျက်စီးမှု မရှိသော်လည်း တောင်နှင့်မြောက်ယဉ်စွန်းတန်းကြားရှိ အပူပိုင်းဒေသအနီး၌ တည်ရှိသော ရေခဲမြစ်အားလုံးနီးပါးမှာ လျင်မြန်စွာ အရည်ပျော်ဝင်လျက်ရှိကြောင်း ၎င်းကပြောကြားသည်။ အင်တာနက်

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၁၁-၂၀၀၈ (အင်္ဂါနေ့)

| AM & PM | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "အသေလှတဲ့သူ" တရားတော်(အပိုင်း-၂) (ဆရာတော် အရှင်ဆန္ဒာဓိက) |
| ၇း၄၅ - ၁း၄၅ | ကြည်ညိုဖူးမြော်ရှင်ပင်စက္ကိန်းတဲစေတီတော် |
| ၇း၅၅ - ၁း၅၅ | Sunday Talk |
| ၈း၄၅ - ၂း၄၅ | Activities In The City (ဒုတိယအကြိမ်အမျိုးသမီးထုတ်ဝေသူများ၏ စာအုပ်ဈေးရောင်းပွဲ) |
| ၉း၀၀ - ၃း၀၀ | ယုံကြည်မှုအပြည့်ဖြင့်နိုးထလာသောနံနက်ခင်း |
| ၉း၁၀ - ၃း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၀ - ၃း၂၀ | Fashion Guide (Mr. Ka Zuo Kurokawa Beauty Hair Show ) |
| ၉း၄၀ - ၃း၄၀ | တေးဂီအစီအစဉ် |
| ၉း၄၅ - ၃း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၀ - ၃း၅၀ | ဆုံမှတ်များ၏ အနားသပ်ဝန်းကျင်သည် သပ်ရပ်လှပလျက်ရှိသည် |
| ၁၀း၀၅ - ၄း၀၅ | တေးဂီတအစီအစဉ် |
| ၁၀း၁၀ - ၄း၁၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၁၅ - ၄း၁၅ | 10th Anniversary ICT Exhibition |
| ၁၀း၃၅ - ၄း၃၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၄၅ - ၄း၄၅ | ဝိနည်းတော်နှင့် ညီသည့်သင်္ကန်းဟူသည် |
| ၁၁း၀၅ - ၅း၀၅ | တေးဂီတအစီအစဉ် |
| ၁၁း၁၀ - ၅း၁၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၁၅ - ၅း၁၅ | နေအိမ်နှင့် အဆောက်အအုံများတည်ဆောက်ရာတွင် အကျိုးရှိစေမည့် သဘာဝဘေးဒဏ်ခံအဆောက်အအုံများဆောက်လုပ်ရေးအလုပ်ရုံဆွေးနွေးပွဲ |
| ၁၁း၄၀ - ၅း၄၀ | တေးဂီတအစီအစဉ် |
| ၁၁း၅၀ - ၅း၅၀ | စလင်းရေလှောင်တမံ |
| ၁၂း၀၀ - ၆း၀၀ | Miss People ပြိုင်ပွဲကို ဒုတိယအကြိမ်ခံစားသက်ဝင်ကြည့်ခြင်း |
| ၁၂း၃၀ - ၆း၃၀ | Music Gallery (ရဲလေး-အိမ်) |
| ၁၂း၀၀ - ၆း၀၀ | MRTV-4 အပိတ် Logo |

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

**Champion League ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၀၀ | Liverpool- Atletico | ESPN (Live) |
| | Roma - Chelsea | STAR SPORTS (Live) |
| ၄း၃၀ | Barcelona- Basel | ESPN (SDD) |



## ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲနှင့် ဘောလုံးပြိုင်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၃

**ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက ဟားခါးမြို့နယ် တင်းနစ်ကွင်း၌ကျင်းပရာ ဟားခါးမြို့နယ်အသင်းက ထန်တလန်အသင်းအား အနိုင်ရ ဗိုလ်စွဲသွားသည်။**

ဆက်လက်၍ ပြည်နယ်ဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲကို ဟားခါးမြို့ ဝမ္မသူးမောင် အားကစားကွင်းကြီး၌ မွန်းလွဲ ၁ နာရီက ကျင်းပသည်။ ဗိုလ်လုပွဲအဖြစ် ဖလမ်းမြို့နယ်အသင်းနှင့် တီးတိန်မြို့နယ် ဘောလုံးအသင်းတို့ယှဉ်ပြိုင်ကစားကြရာ ဖလမ်းမြို့နယ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။ ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ဘောလုံးပြိုင်ပွဲအကောင်းဆုံးဆုရ အားကစားသမားများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပြီး ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်မြင့်က ဘောလုံးပြိုင်ပွဲတွင် ပထမဆုရ ဖလမ်းဘောလုံးအသင်းအားတစ်ဦးချင်းဆုများနှင့် တင်းနစ်ပြိုင်ပွဲတွင် ဒုတိယဆုရ ထန်တလန်မြို့နယ်အသင်းတို့အား ဆုများချီးမြှင့်သည်။

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းက တစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရ ဦးထန်ခမ်ပုမ်းနှင့် မြို့နယ်အလိုက်တင်းနစ်ပြိုင်ပွဲတွင် ပထမဆုရ ဟားခါးမြို့နယ် အသင်းအားလည်းကောင်း၊ ဘောလုံးပြိုင်ပွဲတွင် ပထမဆုရ ဖလမ်းမြို့နယ် ဘောလုံးအသင်းတို့အား ဆုဖလားနှင့် ငွေသား လေးသိန်းကို ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)** (ကြေးမုံ)

## အလုပ်သမားဝန်ကြီးဌာန အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ် (၂/၂၀၀၈) သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃**

အလုပ်သမားဝန်ကြီးဌာနအခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ် (၂/၂၀၀၈) သင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၃၁ရက်တွင် နေပြည်တော်ရုံးအမှတ်(၂၁)ရှိ သင်တန်းခန်းမ၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်းများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ထူးချွန်စွာအောင်မြင်ခဲ့ကြသည့်သင်တန်းသား၊ သင်တန်းသူများအား ဆုများချီးမြှင့်၍ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကာ သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

အလုပ်သမားဝန်ကြီးဌာနသည် ဝန်ထမ်းများ အရည်အချင်း ပြည့်ဝ၍ လုပ်ငန်းတာဝန်များ ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် e-Government လုပ်ငန်းများကို အဆင့်တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် အဆိုပါသင်တန်းကို အောက်တိုဘာ ၆ရက်မှစတင်၍ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်ပို့ချခဲ့ပြီး အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအဖွဲ့ ကော်မတီရုံးများမှ စီမံခန့်ခွဲရေးအဆင့် (၁)နှင့် (၂) ဝန်ထမ်း ၂၀တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

**✻ တိုင်းရင်းသားမှ**

ဦးကျော်စွာဝင်းတို့က ကြိုစောင့်နေမှုကြောင့် လမ်းပန်းသာ၍ သွားလမ်းဖြောင့်ခဲ့သည်။



**ပါရ်သဲရွာသား ဦးထန်လန်ပေါင်း ရှင်းပြစဉ်။**



**ယာဉ်မောင်း ဦးရွှေသျှန်ဆန် ရှင်းပြစဉ်။**

ဖလမ်းမြို့အတွင်း ဖွံ့ဖြိုးတိုးတက်နေမှုတို့ကို လှည့်လည်လေ့လာပြီး ဖလမ်းမြို့မှ ၁၂ မိုင်အကွာ ဗားရ်တံတားတည်ရှိရာသို့ ခရီးနှင်ခဲ့ကြပြန်သည်။ တံတားအနီးတောင်ပေါ်အရောက်တောင်အောက်တွင် လှမ်းမြင်နေရသော ဗားရ်တံတား ပတ်ဝန်းကျင်မှာ အလွန်သာယာလှပသည်။ တောင်အသွယ်သွယ်ကို ကွေ့ဝိုက်၍ ဖြတ်ကျော်စီးဆင်းလာသော မဏိပူရမြစ်ငယ်နှင့် ထိုမြစ်ပေါ်မှ ကန့်လန့်ဖြတ် တည်ဆောက်ထားသော တံတားတို့မှာ ပန်းရလှသည်။

ဗားရ်တံတားကို ချင်းပြည်နယ် ဖလမ်းခရိုင် ကလေး-ဖလမ်း ဟားခါးလမ်းမကြီးပေါ်ရှိ မိုင်တိုင်အမှတ်(၆/၉၆)တွင် ၂၀၀၅ခုနှစ် အောက်တိုဘာ ၁ ရက်က စတင်တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ သံကူကွန်ကရစ် ကြမ်းခင်းတံတားအမျိုးအစားဖြစ်ကာ အခန်းလေးခန်းဖြင့် ဖွဲ့စည်းထားပြီး ပြည်သူ့ဆောက်လုပ်ရေးမှ တာဝန်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

တံတားအရှည်ပေ ၃၆၀ ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်သုံးပေစီ ကျယ်ဝန်း၍ နှစ်လမ်းသွားတံတားအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၂၀၀၆ ခုနှစ် ဇွန် ၃၀ ရက်တွင် အချောထည်ပြီးစီးခြင်းကြောင့် တည်ဆောက်သည့်ကာလမှာ ကိုးလသာကြာမြင့်ခဲ့သည်။ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်(ပြည်ထောင်စုနေ့)တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။

ကြေးမုံသတင်းအဖွဲ့ တံတားအနီးသို့ ရောက်ရှိခိုက်မှာပင် ဗားရ်တံတားကိုဖြတ်ကျော်၍ မောင်းနှင်လာသော ရွှေခြသေ့လိုင်းကားမှန်လုံယာဉ်တစ်စီး တံတားထိပ်တွင် ခရီးတစ်ထောက်ရပ်နေ၍ စနည်းနာကြည့်ရာ စစ်ကိုင်းတိုင်းကလေးမြို့မှထွက်ခွာလာသော ခရီးသည်တင်ကားဖြစ်ကြောင်း သိရသည်။



**ခရီးသည် ဦးဇထန်း ရှင်းပြစဉ်။**

ခရီးလမ်းအကြောင်း သိလို၍ ယာဉ်အနားတွင် ရပ်နေသောသူ တစ်ဦးထံ သွားရောက်မိတ်ဖွဲ့ကာ စကားစမြည်ပြောကြည့်မိပါသည်။ ယာဉ်မောင်းသူမှာ ဦးရွှေသျှန်ဆန်ဖြစ်ပြီး သူက **"ဒီဗားရ်တံတားဆောက်ပြီးမှ ကားမောင်းရတာ အတော်အဆင်ပြေတယ်ဗျ၊ နို့မို့ဆို အရင်တံတား အဟောင်းတုန်းက တံတားဟိုဘက်ထိပ်မှာ လူနဲ့ပစ္စည်းတစ်ခါချ၊ ပစ္စည်းကို လူနဲ့သယ်၊ဒီဘက်တံတားထိပ်မှာတစ်ခါပြန်တင်နဲ့ အတော်ခရီး ကြာတာကလား၊ အခန့်မသင့်ရင် ညအိပ်ရတယ်၊ အခုတော့ အဆင်ကိုချောလို့၊ နေ့ချင်းလဲရောက်တယ်လေ"** ဟု ဖွင့်ဟစကား ဆိုခဲ့သည်။

နောက်ခရီးသည် တစ်ဦးဖြစ်သော ဖလမ်းနယ်ခံ တောင်ယာလုပ်သူ ဦးဇထန်းကလည်း **"ဟိုအရင်တုန်းကဆို ကလေးနဲ့ ဒီဟားခါးခရီးမှာနှစ်ညသုံးညလောက် အိပ်ခဲ့ရတာ၊ မန်ခင်းမှာ တစ်ည၊ ပါရ်သဲမှာ တစ်ည၊ သိုင်း ငင်းမှာ တစ်ည အိပ်ခဲ့ရတာကိုး၊ ခုတော့ ဒီဗားရ်တံတားကြောင့် နေ့ချင်းခရီးပေါက်ပြီလေ"** ဟု တံတား၏ အကျိုးကျေးဇူးကို ညွှန်းဆိုသည်။

တံတားအနီးရှိ ပါရ်သဲရွာသား တစ်ဦးဖြစ်သူ ဦးထန်လန်ပေါင်းကမူ **"ဒီတံတားကြီး ပြီးသွားတော့ ကျွန်တော်တို့ နယ်သားတွေ အတော်ဟန်ကျတယ်ဗျ၊ ဒီမဏိပူရမြစ်က မိုးတွင်းဆို ရေအလွန်သန်လို့ ယာခင်းအသွားအပြန် အတော်ခက်ခဲကြတယ်၊ အခုတော့အချိန်မကြာဘဲရောက်သွားရတာကို ကျေးဇူးလဲတင်ပါတယ်ဗျာ"** ဟုဆိုပြန်ရာ ဗားရ်တံတားသည် ဤနယ်သူနယ်သားများအတွက် လက်တွေ့အကျိုးပေးနေကြောင်း ထင်ရှားသည့် သာဓကများပင် ဖြစ်သည်။

နိုင်ငံတော် အစိုးရ အနေဖြင့် တိုင်းရင်းသားပြည်သူများအတွက် လမ်း၊ တံတားများအား နိုင်ငံနှင့်အဝန်း ကွန်ရက်ပမာ ဖြန့်ခင်းတည်ဆောက်ပေးလျက်ရှိရာအရှေ့မှသည်အနောက်၊ တောင်မှသည် မြောက်သို့ ဥဒဟိုခရီးပေါက်နေပြီဖြစ်သည်။ လမ်းခရီးသာယာဖြောင့်ဖြူးမှုကြောင့် ကုန်စည်စီးဆင်းမှုတို့သည်လည်း မြန်ဆန်သွက်လက်လာပြီကို လက်တွေ့မြင်တွေ့ခဲ့ရပြီဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ **"မြစ်ကို မြင်လျှင် တံတားဆင်မည်၊ ပြည်ခွင်သာဖို့လမ်းခင်းစို့"** ဟူသော ဆောက်လုပ်ရေး ဝန်ကြီးဌာန၏ ဆောင်ပုဒ်ဖြင့် အကောင်အထည်ဖော် တည်ဆောက်ခဲ့သော ဗားရ်တံတားသည် ချင်းပြည်နယ် ပြည်သူလူထု တစ်ရပ်လုံးအတွက် လက်တွေ့ကျကျအကျိုးပြုနေသော တံတားတစ်စင်းဖြစ်ကြောင်း ကိုယ်တွေ့မျက်မြင် တင်ပြ ရေးသား လိုက်ပါသည်။ ။





## ကြည့်ရှုစစ်ဆေး

**ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာ့ရုပ်ရှင်လုပ်ငန်း ဇာတ်လမ်းရုပ်ရှင်ရုံးခွဲတွင် ဖလင်ကူးခန်းရှိ ဆေးရောင်စုံဖလင် ကားကူးစက်၊ ဖလင်အရောင်ညှိခန်းရှိ ဆေးရောင်စုံ အရောင်ညှိစက်နှင့် အသံခန်းရှိ စတီရီယိုအသံကူးပြောင်း စက် အသစ်များအသုံးပြု၍ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# မြန်မာ့ရုပ်ရှင်လုပ်ငန်းသုံး စက်ပစ္စည်းအသစ်များ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၃

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဇာတ်လမ်းရုပ်ရှင်ရုံးခွဲသို့ရောက်ရှိပြီး ဖလင်ဆေးစိမ်စက်ထားရှိရန် အဆောက်အအုံပြန်လည် မွမ်းမံပြင်ဆင်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် တာဝန်ရှိသူများက အဆောက်အအုံဆောက်လုပ်နေမှုနှင့် ဖလင်ဆေးစိမ်စက်ထားရှိမည့်အခန်းအတွက် ပြင်ဆင်ထားမှုအခြေအနေများကို ရှင်းလင်းပြသကြသည်။**

ထို့နောက် ဝန်ကြီးက အဆောက်အအုံကို သတ်မှတ်ပုံစံအတိုင်း စံချိန်စံညွှန်းမီ တည်ဆောက်ရေး၊ ဖလင်ဆေးစိမ်စက်ထားရှိမည့် အခန်းအတွင်း လိုအပ်ချက်များ ပြည့်စုံစွာ ဖြည့်ဆည်းတည်ဆောက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ဖလင်ကူးခန်းရှိ ဆေးရောင်စုံဖလင်ကားကူးစက်(Colour Printer)၊ ဖလင်အရောင်ညှိခန်းရှိ ဆေးရောင်စုံ အရောင်ညှိစက်(Colour Analyzer) နှင့် အသံခန်းရှိ စတီရီယိုအသံကူးပြောင်းစက်(Stereo Optical Recorder) အသစ်များအသုံးပြု၍ လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

အဆိုပါ စက်ပစ္စည်းအသစ်များသည် မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြှင့်တင်ရေးနှင့် မြန်မာရုပ်ရှင်ဇာတ်ကားများ ခေတ်မီတိုးတက်ရေးအတွက် အသစ်ဝယ်ယူ အသုံးပြုလျက်ရှိသည့် စက်ပစ္စည်းများဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# STI Education မှ အင်္ဂလိပ်ဘာသာ ဆက်သွယ်ပြောဆိုမှု အထူးသင်တန်းများကို အဆင့်ဆင့်သင်ကြားပေးမည်

**ရန်ကုန် နိုဝင်ဘာ ၃**

STI Education သည် လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်လျက်ရှိပြီး အသက်(၁၄)နှစ်နှင့်အထက် အင်္ဂလိပ်ဘာသာစကား လေ့လာလိုသူများအတွက် English-To-Go သင်တန်းများကို အဆင့်အလိုက်ခွဲ၍ ဖွင့်လှစ်သွားမည်ဖြစ်သည်။ သင်တန်းသားများအနေဖြင့် မိမိတို့၏ အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုအဆင့်ကို ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲများဖြင့် STI ၌ ဖြေဆိုသိရှိနိုင်မည်ဖြစ်ပြီး စာမေးပွဲတွင် ရရှိသည့် ရမှတ်ပေါ်တွင်မူတည်၍Elementary, Pre-Intermediate နှင့် Intermediate အတန်းများ၌ တက်ရောက်ရမည်ဖြစ်သည်။ ယင်းသို့ သင်ကြားရာ၌ သင်တန်းသားများ၏ ကိုယ်ပိုင်ယုံကြည်မှုတိုးမြင့်စေရန်နှင့် လူအများရှေ့၌ ဆက်သွယ်ပြောဆိုလေ့ကျင့်မှုများလည်း ပါဝင်မည်ဖြစ်ပြီး ကျောင်းသားများအနေဖြင့် Presentation Skills များလည်း တိုးတက်လာမည်ဖြစ်သည်။ ထို့အပြင် အသင်းအဖွဲ့အလိုက်ပူးပေါင်း၍ Project များ၊ Course Work များ လုပ်ဆောင်ရန် နည်းနာနိဿယများဖြင့် လေ့ကျင့်သင်ကြားပေးမည်ဖြစ်ရာ သင်တန်းပြီးဆုံးပါက အင်္ဂလိပ်စာ ပြောဆိုဆက်သွယ်မှုအပြင် အဖွဲ့အစည်းအလိုက် လုပ်ကိုင်နိုင်မှုနှင့် ခေါင်းဆောင်မှု အရည်အသွေးတို့ကိုပါ တစ်ပါတည်း ရရှိသွားမည်ဖြစ်သည်။

သင်တန်းများကို တနင်္လာနေ့မှ သောကြာနေ့အထိ နံနက်ပိုင်းနှင့် နေ့လယ်ပိုင်းအချိန်ဇယားဖြင့် အဆင့်လိုက်ခွဲ၍ ဖွင့်လှစ်သွားမည်ဖြစ်ပြီး Level တစ်ခုစီအတွက် သင်တန်းကာလသုံးလ ကြာမြင့်မည်ဖြစ်သည်။ သင်တန်းသားများအား Audio, Video Teaching and Learning equipment များ၊ Multimedia စက်များ၊ ကျယ်ဝန်း၍ သန့်ပြန့်သော စာသင်ခန်းများ၊ လေအေးပေးစက် အပြည့်တပ်ဆင်ထားသည့် စာသင်ခန်းမများ၊ အရန်သင့်ထားရှိသော မီးစက်များ၊ နောက်ဆုံးပေါ် သင်ရိုးညွှန်းတမ်းများနှင့် တစ်ဦးချင်းစီအား အာရုံစိုက်၍ အပြန်အလှန်ဆွေးနွေးခြင်းကိုအားပေး၍ သင်ကြားပေးသွားမည်ဖြစ်သည်။ သင်တန်းကြေးမှာလည်း သင့်တင့်မျှတပြီး အဆင့်(၁)ဆင့် အောင်မြင်ပြီးပါက နောက်အဆင့်များသို့ အဆင့်ဆင့် တက်ရောက်နိုင်သည်။

သင်တန်းများကို အမှတ်(၃၇၇) ရွှေဘုံသာလမ်း(အထက်) ရန်ကုန်မြို့၌ နိုဝင်ဘာလလယ်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။ ယင်းသင်တန်းများပြီးဆုံးပါက ဒီပလိုမာသင်တန်းအမျိုးမျိုးကိုရွေးချယ်၍ ဩစတြေးလျ Curtin University နှင့် Edith Cowan University တို့၌ ဒီဂရီဘွဲ့နှင့် မဟာသိပ္ပံဘွဲ့တို့အထိ တက်ရောက်သင်ကြားနိုင်ကြောင်း သိရှိရသည်။ STI ၌တက်ရောက်နိုင်သော ဒီပလိုမာသင်တန်းများမှာ Diploma in TESOL, Diploma in Business Mgt, Diploma in Logistics and Supply Chain Mgt, Diploma in Information Systems, Diploma in Design (Interior, Communication, Multimedia), Diploma in Hospitality and Tourism Mgt; တို့ဖြစ်ကြသည်။

စိတ်ဝင်စားသော သင်တန်းသားများအနေဖြင့် STI Education အဆောင်(၄) အခန်း(၇) မြန်မာအင်ဖိုတက် အဆောက်အအုံ လှိုင်မြို့နယ် ရန်ကုန်မြို့နှင့် အမှတ်(၃၇၇) အထက်ရွှေဘုံသာလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၅၀၀၅၆၊ ၇၀၀၂၇၃၊ ၅၀၇၀၄၈၊ ၅၀၇၁၅၁ ၊ ၅၀၇၁၅၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# သယ်္ဃန်းကျွန်းမြို့နယ်တွင် မှုခင်းကျဆင်းရေး ပညာပေးဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၃**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရန်ကုန်တိုင်း သယ်္ဃန်းကျွန်းမြို့နယ် ရဲတပ်ဖွဲ့၏ မှုခင်းကျဆင်းရေး ပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၂ရက် ညနေ ၃နာရီက နှင်းဆီကုန်း(က)ရပ်ကွက်နှင့် ည ၇ နာရီက ၁၆ အပိုင်း (၄)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတို့၌ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ တက်ရောက်ကြသည်။ အခမ်းအနားတွင် သယ်္ဃန်းကျွန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး စိုးဝင်းက ဆယ်အိမ်စုစနစ်ကို အခြေခံ၍ သတင်းရယူဖော်ထုတ်ရေးနှင့် မှုခင်းကျဆင်းရေး ပညာပေးဆွေးနွေးဟောပြောခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(၅၀၆)

# အာဆီယံပရိဘောဂထုတ်လုပ်သူများကောင်စီညီလာခံ တက်ရောက်ရန်ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၃**

စင်ကာပူသမ္မတနိုင်ငံ၌ နိုဝင်ဘာ ၇ရက်မှ ၈ရက်အထိကျင်းပမည့် (၁၇)ကြိမ်မြောက် အာဆီယံပရိဘောဂထုတ်လုပ်သူများကောင်စီ(ASEAN Furniture Industries Council)လုပ်ငန်းကော်မတီအစည်းအဝေးနှင့်ညီလာခံသို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာမျိုးသက်နှင့် အကျိုးဆောင်စာရင်းစစ် ဒေါက်တာခင်ကိုလတ်တို့သည် နိုဝင်ဘာ ၃ရက်နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အသင်းဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးမင်းသော်ကောင်း၊ အလုပ်အမှုဆောင် ဦးမင်းသိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)** (သတင်းစဉ်)







# ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၃**

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၄၀)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Sewsone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ အနော်ရထာ၊ အလောင်းမင်းတရားနှင့် မဟာဗန္ဓုလ ပန်းပုရုပ်များကို မြို့တော်ခန်းမ၌ ထားရှိမည်၊ သိမ်ဖြူယာဉ်မောင်းသင်ကွင်းကို မိုးလုံလေလုံ ဖူဆယ်ဘောလုံးကွင်းအဖြစ် ပြောင်းလဲရန်ရှိ၊ နာဂစ်ရန်ပုံငွေ ရရှိရေးအတွက် အင်္ဂလန်ပထမတန်းကလပ် ဘောလုံးအသင်းလာဦးမည်၊ ဆိုမာလီ ပင်လယ်ဓားပြများ၏ တစ်လကျော်ကြာ ပြန်ပေးဆွဲခံခဲ့ရသည့် ကိုရီးယားသင်္ဘောမှ လွတ်မြောက်လာသည့် မြန်မာသင်္ဘောသား၏ပြောပြချက်များ၊ အာဆီယံစွမ်းအင်ဆိုင်ရာ ဆုတံဆိပ်များပြိုင်ပွဲတွင် ငွေဆောင်မှ Bay of Bengal Resort ဒုတိယရရှိ၊ ရန်ကုန်မြို့၌ မော်တော်ယာဉ်များကို CCTV ကင်မရာများဖြင့် စောင့်ကြည့်အရေးယူတော့မည်၊ တောင်ကြီးမီးပုံးပျံပွဲတော် နွှဲပျော်ရန် ပြည်တွင်းပြည်ပခရီးသည်များ ထွက်ခွာသွား၊ ဆီအုန်းစိုက်ပျိုးရေးတွင် ပြည်ပငါးနိုင်ငံ ရင်းနှီးမြှုပ်နှံမည်၊ ကွန်ပျူတာများကို အသုံးပြုသူကိုယ်တိုင် ပြုပြင်တတ်စေရန် ဖုန်းဖြင့် ဆောင်ရွက်ပေးမည်၊ မြန်မာ့သစ်ခွများကို စားသောက်ကုန်အဖြစ် အသုံးပြုမှု ပြည်တွင်းစားသောက်ဆိုင်အချို့၌ တွင်ကျယ်လာ၊ မိုးသက်မုန်တိုင်းထဲတွင် မြွေပွေး၊ မြွေဟောက်များနှင့်အတူ မျောပါနေခဲ့ပြီး အသက်မသေသော ဖိုးကံကောင်း၊ ဥတိုဂေါက်ကွင်းနှင့် အပန်းဖြေစခန်းသစ်ဖွင့်လှစ်၊ ဗုဒ္ဓဂယာမှာ ကုသိုလ်ထူးတွေပြုခဲ့တဲ့ ပပဝင်းခင်၊ ကမ္ဘာ့အဝဆုံးလူသား လက်ထပ်မင်္ဂလာပွဲ ကျင်းပပြီးစီး၊ အရောင်တဖိတ်ဖိတ် လက်နေသော ပုံဆောင်ခဲဂူကြီးကို မက္ကဆီကိုနိုင်ငံမှ သဲကန္တာရ၏ မြေအောက်ပေ ၁၀၀၀ အနက်၌ တွေ့ရှိ၊ အိုဘားမားနှင့်မက်ကိန်းတို့၏ ယှဉ်ပြိုင်ပွဲ နောက်ဆုံးအခြေအနေ စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျကဏ္ဍမျိုးစုံကို မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ထည့်သွင်းဖော်ပြထားကြောင်းနှင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## နိုင်ငံတော်သြဝါဒါစရိယ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ့်ဆန်မြို့၊ မြို့မကျောင်း ပဓာန နာယက ဆရာတော် ဘဒ္ဒန္တကောဏ္ဍည (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့ မြောက်ကုန်း မင်္ဂလာရပ်၊ ခမည်းတော် ဦးပေါ်ဟိန်း၊ မယ်တော် ဒေါ်မယ်ဟိန်းမှ ၁၂၇၅ ခုနှစ်၊ ကဆုန်လပြည့် ၁၅ ရက်၊ (တနင်္လာနေ့)တွင် ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

**ရှင်/ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၂၉၆ခုနှစ်တွင် နမ့်ဆန်မြို့ (တောင်ပိုင်းနယ်) ပဋ္ဌမမြောက်ဂိုဏ်းချုပ်ဆရာတော် ဘဒ္ဒန္တခတ္တိယကို ဥပဇ္ဈာယ်ပြု၍ တောင်ပိုင်းစော်ဘွား မဟာစည်သူဦးခွန်ပန်းစိန်နှင့် မဟာဒေဝီ ဒေါ်နန်းကျန်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ရောက်ခဲ့ပြီး ၁၂၉၆ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၄ ရက် (အင်္ဂါနေ့) နံနက် ၉း၃၀ နာရီအချိန်တွင် ယင်းဆရာတော်ကိုပင် ဥပဇ္ဈာယ်ပြု၍ တောင်ပိုင်းစော်ဘွား မဟာစည်သူဦးခွန်ပန်းစိန်နှင့် မဟာဒေဝီ ဒေါ်နန်းကျန်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ယင်းကျောင်းတိုက်ခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

**ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် နမ့်ဆန်မြို့ ပဋ္ဌမဂိုဏ်းချုပ်ဆရာတော် ဘဒ္ဒန္တခတ္တိယ၊ မန္တလေးမြို့ မိုးကောင်းတိုက် အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော်၊ အရှေ့ပြင်မာရ်အောင်တိုက်ဆရာတော်၊ တောင်ပြင်မင်းထင်တိုက်ဆရာတော်၊ ဘုရားကြီးတိုက် ဆရာတော် ဘဒ္ဒန္တနာရဒ (အဂ္ဂမဟာပဏ္ဍိတ) ရန်ကုန်မြို့ သရက်တောကျောင်းတိုက် ရေလယ်ကျောင်း ဘဒ္ဒန္တသီလက္ခန္ဓ၊ လားရှိုးမြို့ ဗောဓာရုံကျောင်း နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တကေသရ စသော ဆရာတော်တို့ထံ၌ ပိဋကတ်ကျမ်းစာများကို ကျမ်းကြီးပေါက် သင်ယူတတ်မြောက်ခဲ့ပါသည်။

**စာပေပို့ချခြင်းနှင့် သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် နမ့်ဆန်မြို့ မြို့မကျောင်းတိုက်၌ စာပေကျမ်းဂန်များကို ပို့ချတော်မူ၍ ဆဋ္ဌသင်္ဂါယနာပွဲတော်ကြီး ကျင်းပရာတွင် ဆဋ္ဌသင်္ဂီတိကာရက၊ ပထမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းရာတွင် နမ့်ဆန်မြို့ မြို့နယ်ဝိနည်းဓိုရ်ဆရာတော်၊ ဒုတိယအကြိမ်သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းရာတွင် မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်၊ ၁၃၅၀ ပြည့်နှစ်မှစ၍ နမ့်ဆန်မြို့ဂိုဏ်းချုပ်ဆရာတော်အဖြစ်နှင့် ၁၃၅၂ ခုနှစ်မှစ၍ နိုင်ငံတော်သြဝါဒါစရိယဆရာတော်အဖြစ် သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်အလှူခံ ရရှိတော်မူခြင်း**

ဤသို့လျှင် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူပြီး လဇ္ဇီပေသလ၊ သိက္ခာကာမ စသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၃၅၃ (၁၉၉၂) ခုနှစ်တွင် "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်တော်မြတ်ကို လျှုဒါန်းပူဇော်ခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်သည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၉၆)နှစ်၊ သိက္ခာတော် (၇၆)ဝါအရ ၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်၊ ၂၀၀၈ခုနှစ် နိုဝင်ဘာလ ၃ရက်၊ တနင်္လာနေ့ နံနက် ၀၀း၃၅ နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

# NLDဌာနချုပ်သို့ အောက်တိုဘာလအတွင်း

## အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က (၂၇)ကြိမ် ဝင်ထွက်ခဲ့

**ရန်ကုန် နိုဝင်ဘာ ၃**

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဗဟိုသည် ရန်ကုန်မြို့ရှိ အမေ ရိကန်သံရုံး၊ ဗြိတိန်သံရုံးတို့နှင့် အမြဲမပြတ် ဆက်သွယ်၍ ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်လျက်ရှိသဖြင့် ၎င်းတို့၏ ဆက်သွယ်ဆောင်ရွက်မှုကို ပြည်သူလူထုက ဝေဖန်လျက်ရှိပြီး မပြတ်ကြည့်ရှု သတိပြုနေကြသည်။

ရန်ကုန်မြို့ အနောက်ရွှေဂုံတိုင်လမ်းရှိ NLD ဌာနချုပ်သို့ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က ၂၀၀၈ခုနှစ် အောက်တိုဘာလအတွင်း (၂၇)ကြိမ် ဝင်ထွက်မှု ရှိခဲ့ကြောင်း၊ အဆိုပါသံရုံးများသည် NLD,CEC အဖွဲ့ဝင်များနှင့် တွေ့ဆုံခြင်း၊ စာအိတ်ကြီး၊ စာအိတ်ငယ် ပေးပို့ခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အိုလံပီကိုကွင်းတွင် ရိုးမားတို့ ချယ်လ်ဆီးကို ရှုံးကြေးပြန်ဆပ်နိုင်မည်လား

# ဘာစီလိုနာတို့ အိမ်ကွင်းနူးကမ့်မှာ ဂိုးပြတ်သွင်းဦးမည့်

## ချန်ပီယံလိဂ် ပွဲစဉ်(၄) ပထမနေ့ပွဲများ နိုဝင်ဘာ ၅ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂း၁၅ နာရီ

**ချန်ပီယံလိဂ် ပွဲစဉ်(၃)အပြီးတွင် အင်္ဂလန်အသင်းများအားလုံး အုပ်စုဗိုလ်များအဖြစ် ရပ်တည်နေကြပြီး အီတလီမှ အင်တာမီလန်နဲ့ ဂျူဗင်တပ်စ်၊ စပိန်မှ ဘာစီလိုနာ၊ ဂျာမနီမှ ဘိုင်ယန်မြူးနစ်တို့လည်း အုပ်စုဗိုလ်များအဖြစ် အသီးသီးရပ်တည်လျက်ရှိကြပါတယ်။ ယခုတစ်ပတ် ပွဲစဉ်(၄)အပြီးတွင်လည်း ဘယ်အသင်းများက အုပ်စုဗိုလ်အဖြစ် ဆက်လက်ရပ်တည်နိုင်မလဲဆိုတာ စောင့်ကြည့်ရဦးမှာပါ။**

**ဝင်းတင်(ကြေးမုံ)**

### အုပ်စု(က)

**ရိုးမား-ချယ်လ်ဆီး**

ဒီပွဲမှာ ရိုးမားတို့ ပထမအကျော့က ရှုံးကြေးကို ပြန်ဆပ်နိုင်မလားဆိုတာ စောင့်ကြည့်ရမှာပါ။ ရိုးမားမှာ လူစုံပြန်လည်ပါဝင်လာမှာဖြစ်သလို ချယ်လ်ဆီးကလည်း လက်ရှိအနေအထားမှာ အကောင်းဆုံးခြေစွမ်းကို ပိုင်ဆိုင်ထားပါတယ်။ ရိုးမားက အိမ်ကွင်းအားသာချက် ရှိပေမယ့် ချယ်လ်ဆီး ခံစစ်နဲ့ ဂိုးက စိတ်ချရတာကြောင့် ဒီပွဲဟာ သရေနဲ့သာအဆုံးသတ်ဖို့ များပါတယ်။

**ကလူ့ချ်-ဘော်ဒိုး**

ရိုမေးနီးယားကလပ်အသင်း ကလူ့ချ်ဟာ ပထမအကျော့ အဝေးကွင်းမှာ ဘော်ဒိုးကို ရှုံးခဲ့တာကြောင့် ဒီတစ်ကြိမ်မှာ အိမ်ကွင်းအားသာချက်နဲ့ နိုင်ပွဲပြန်ရဖို့ ကြိုးစားလာမှာပါ။ နှစ်သင်းလုံးအတွက် အုပ်စုတက်ရေး မျှော်လင့်ချက်ရှိနေတာကြောင့် ဒီပွဲဟာ ပွဲကောင်းတစ်ပွဲဖြစ်လာမှာဖြစ်ပြီး အကြိတ်အနယ် ယှဉ်ပြိုင်ကစားရင်း အိမ်ရှင်တို့ ကပ်နိုင်သွားမှာပါ။

### အုပ်စု(ခ)

**အနာသိုဆစ်-အင်တာမီလန်**

ဆိုက်ပရပ်ကလပ် အနာသိုဆစ်ဟာ နာမည်ကြီး ကစားသမားတွေမရှိပေမယ့် ပွဲတိုင်းကို စိတ်ဓာတ်ကောင်းကောင်းနဲ့ယှဉ်ပြိုင်ခဲ့လို့ ရလဒ်ကောင်းများ ရရှိနေတယ်လို့ဆိုရမှာပါ။ ပထမအကျော့က အင်တာတို့ အိမ်ကွင်းမှာ ခက်ခက်ခဲခဲကစားပြီးမှ တစ်ဂိုးတည်းနဲ့ ကပ်နိုင်ခဲ့တာပါ၊ ဒီတစ်ကြိမ် ဒိုပူးလော့ကွင်းမှာ သရေကျသွားလိမ့်မယ်လို့ ယူဆရပါတယ်။

**ဝါဒါဘရီမင်-ပင်နာသီယာကော့စ်**

ဝါဒါဘရီမင်ဟာ အုပ်စုတက်ဖို့ မျှော်လင့်ချက်ရှိနေပြီး ပင်နာသီယာကော့စ်ကတော့ မျှော်လင့်ချက်အရမ်းကို မှေးမှိန်နေပါတယ်။ ဒါကြောင့် အိမ်ကွင်းအားသာချက်နဲ့အတူ တင်ကစားလာမယ့် ဝါဒါဘရီမင်တို့ သုံးမှတ်အပြည့် ရသွားမှာပါ။

### အုပ်စု(ဂ)

**ဘာစီလိုနာ-ဘေဆယ်**

ဘာစီလိုနာတို့ ဒီပွဲနိုင်ရင် ပထမဦးဆုံး အုပ်စုကတက်တဲ့အသင်း ဖြစ်လာမှာပါ။ ဘေဆယ်နဲ့ ဘာစီလိုနာဟာ ကစားသမား စုဖွဲ့မှုအင်အား၊ သမ္မာ၊ ကျွမ်းကျင်မှုနဲ့ခြေစွမ်းပိုင်းမှာ အရမ်းကို ကွာခြားလွန်းလှပါတယ်။ ဒါကြောင့် ဒီတစ်ကြိမ်မှာလည်း ဘာစီလိုနာတို့ နူးကမ့်ကွင်းမှာ ဂိုးပြတ်သွင်းပြီး အောင်ပွဲခံသွားဦးမှာပါ။

**စပို့တင်းလစ္စဘွန်း-ရှက်တာဒိုးနက်**

စပို့တင်းတို့အုပ်စုကတက်ဖို့ အခြေအနေကောင်းနေပါတယ်။ ရှက်တာဒိုးနက်ကတော့ ယူအီးအက်ဖ်အေသွားရဖို့ပဲ နီးစပ်တယ်လို့ဆိုရမှာပါ။ ပထမအကျော့က အဝေးကွင်းမှာ အနိုင်ယူခဲ့တဲ့ စပို့တင်းတို့ ဒီတစ်ကြိမ်ကစားမယ့် အိမ်ကွင်းမှာလည်း ထပ်မံအနိုင်ရသွားဦးမှာပါ။

### အုပ်စု(ဃ)

**လီဗာပူး-အက်သလက်တီကို**

ခြေညီတဲ့နှစ်သင်း ဆုံတွေ့တာကြောင့် ကြည့်ကောင်းတဲ့ပွဲတစ်ပွဲ ဖြစ်လာမှာပါ။ လီဗာပူးမှာ တောရက်စ်ပြန်လည်ပါဝင်လာမှာဖြစ်တာကြောင့် တိုက်စစ်ပိုင်း ကောင်းမွန်လာမှာပါ။ အက်သလက်တီကိုကတော့ သရေတစ်မှတ်ရဖို့ပဲ ဦးတည်ပြီး ကစားလာမှာပါ။ ဒါပေမဲ့ အိမ်ရှင်လီဗာပူးတို့ ကိုယ့်ကွင်း၊ ကိုယ့်ပရိသတ်ရှေ့မှာ မဖြစ်မနေ နိုင်ပွဲရှာသွားမှာပါ။

**မာဆေး-PSV**

နှစ်သင်းစလုံးဟာ အုပ်စုတက်ရေး မျှော်လင့်ချက်က နည်းပါးလွန်းလှပါတယ်။ ယူအီးအက်ဖ်အေ သွားနိုင်အောင်ပဲ ကြိုးစားကြရမယ့် အနေအထားပါ။ အမှတ်လုံးဝမရရှိသေးတဲ့ မာဆေးတို့ အိမ်ကွင်းအားသာချက်နဲ့ တင်ကစားလာမှာဖြစ်ပေမယ့် PSVကတော့ သရေရအောင်ခံကစားမှာပါ။ ဒါကြောင့် ဒီပွဲဟာ သရေနဲ့သာ အဆုံးသတ်နိုင်ပြီး မာဆေးဟာ နိုင်လိုစိတ်ပြင်းထန်စွာနဲ့ တိုက်စစ် အလွန်အကျွံကစားလာရင် PSV ကို ဂိုးပေးရဖို့ ရှိပါတယ်။

# နှစ်လုံး၊ သုံးလုံးထီ အတိုတ်စိမ်းချိုင်းစာရွက် ပုံနှိပ်ထုတ်ဝေသူများအား ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၃**

ရန်ကုန်တိုင်းအတွင်း တရားမဝင် နှစ်လုံး သုံးလုံးချဲထီများကို ဖော်ထုတ်ဖမ်းဆီးလျက်ရှိသော်လည်း ချဲထီ အတိုတ်စိမ်းပေးသည့် ချိုင်းစာရွက်များ နေရာအနှံ့တွင် ရှိနေသဖြင့် ပုံနှိပ်ထုတ်ဝေနေသူများအား စုံစမ်းဖော်ထုတ်ဖမ်းဆီးရန် တိုင်းရဲတပ်ဖွဲ့မှူးက အဖွဲ့တစ်ဖွဲ့ကို သီးခြားတာဝန်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

တာဝန်ပေးအပ်ခံရသည့်အဖွဲ့သည် မြို့နယ်အလိုက် အသွင်ယူခြေရာခံ၍ သတင်းစုံစမ်းခြင်းကို တစိုက်မတ်မတ်ဆောင်ရွက်နိုင်ခဲ့ရာ တာမွေမြို့နယ် တာမွေလေးရပ်ကွက် သာယာရွှေပြည်လမ်း ခြံအမှတ် ဒီ(၃)၌ ကိုခင်ဝင်းဆိုသူ ဦးဆောင်ပြီး ချိုင်းစာရွက်များ ပုံနှိပ်ထုတ်ဝေလျက်ရှိကြောင်း သတင်းဖော်ထုတ်နိုင်ခဲ့သည်။

အပတ်စဉ် ဗုဒ္ဓဟူးမှသောကြာနေ့ထိ ညအချိန်များ၌ ချိုင်းစာရွက်များ ပုံနှိပ်ထုတ်လုပ်ကြောင်း ရဲတပ်ဖွဲ့က အတည်ပြုနိုင်ခဲ့သဖြင့် အောက်တိုဘာ ၁၇ရက် ည ၁၁နာရီ ၁၅မိနစ်တွင် အဆိုပါခြံအတွင်း ဝင်ရောက်ဖမ်းဆီးရာ မန်နေဂျာ ခင်ဝင်းပါ ခုနစ်ဦးအား ဂျပန်နိုင်ငံလုပ် မာစတာ(၉၀၀)အော့ဖ်ဆက် ပုံနှိပ်စက်နှစ်လုံး၊ ဂျပန်နိုင်ငံလုပ် မာစတာ(၈၀၀) DX စာတန်းပါ ပုံနှိပ်စက်တစ်လုံး၊စာရွက်ဖြတ်စက်တစ်ခု၊ SOUND PROOF စာတန်းပါ X 20/ 2 A/ 16 /20 A မီးစက်တစ်လုံး၊ ၅က/၆၂၇၁ Bongo Riagon စာတန်းပါ မာဇဒါ အမျိုးအစား ခဲရောင်ကားတစ်စီး၊ ချိုင်းထုတ်လုပ်သည့် ဖလင်ကော်ပြားများနှင့် ချိုင်းစာရွက်များကို ဖမ်းဆီးရမိသည်။

ယင်းခြံအား စီးနင်းစဉ် သိမ်းဆည်းရမိသည့် ပုံနှိပ်စက်အရောင်းအဝယ်စာချုပ်မှ တစ်ဆင့် ပိုင်ရှင်ဖြစ်သူမှာ စမ်းချောင်းမြို့နယ် ရှင်စောပုလမ်းနေ ဇော်သူရအောင်ဖြစ်ကြောင်း ဖော်ထုတ်ရရှိသဖြင့် ၎င်း၏ နေအိမ်သို့ အောက်တိုဘာ ၁၈ရက်တွင် ဝင်ရောက်ရှာဖွေရာ ချိုင်းစာရွက် ထုတ်လုပ်ရာတွင် အသုံးပြုသည့် BENQ အမည်ပါ ကွန်ပျူတာမော်နီတာ တစ်လုံး၊ Cannon အမျိုးအစား ပရင်တာတစ်လုံး၊ Smart တံဆိပ်ပါ UPS တစ်လုံး၊ Intel တံဆိပ်ပါ ဘောက်စ်တစ်လုံး၊ Cannon, Canskn Lide 25 Cansknဖတ်စက်တစ်လုံး၊ ကွန်ပျူတာဖြင့် ထုတ်ထားသည့် ချိုင်းစာရွက်များ ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ပုံနှိပ်တိုက်တာဝန်ခံ ခင်ဝင်း၏ ထွက်ဆိုချက်အရ ချိုင်းစာရွက်များ ဖြန့်ဝေရောင်းချသူ သယ်န်းကျွန်းစံပြဈေးရှိ တရုတ်မအပါအဝင် သုံးဦးအား ချိုင်းစာရွက်များနှင့်အတူ ထပ်မံဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။ ချိုင်းစာရွက် ပုံနှိပ်ထုတ်ဝေသူ တရားခံ ဇော်သူရအောင်ပါ ရှစ်ဦး၊ ဖြန့်ဝေရောင်းချသူ တရုတ်မပါ သုံးဦး စုစုပေါင်း တရားခံ ၁၁ ဦးတို့အား ထိရောက်ဟန့်တားလောက်သည့် ပြစ်ဒဏ်ရရှိရေးအတွက် အမှုကို ခိုင်မာစွာ တည်ဆောက်ကာ တရားစွဲတင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရှင်

ဆန့်ကျင် မူးယစ်ဆေး

# မြန်မာနယူးစ်ဝိခ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၃**

"ဦးဦးဖျားဖျား သိန်းတစ်ထောင်ဆုကြီး ပေါက်မည့်သူများ" သတင်းဆောင်းပါးပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်အတွဲ(၂)၊ အမှတ်(၅၀)ပြည့်ကို ယနေ့ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ယနေ့ဖြန့်ချိလိုက်သည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်တွင် အာယုဒီဃကျန်းမာရေးဂျာနယ်ပင်တိုင်ဆောင်းပါးရှင် မြန်မာ့ခွဲစိတ်ဆရာဝန်ကြီး တစ်ဦး၏ ဆောင်ရွက်ချက်များကို အပြည်ပြည်ဆိုင်ရာ ခွဲစိတ်ပညာမဂ္ဂဇင်း နှစ်စောင်တွင် အသိအမှတ်ပြု ဖော်ပြခဲ့၊ မြန်မာ့ခနောက်စိမ်းသတ္တု အလားအလာကောင်းမွန်လျက်ရှိ၊ ဇီဝလောင်စာထုတ်လုပ်ရေး၌ မြန်မာနိုင်ငံက နိုင်ငံခြားကုမ္ပဏီများနှင့် ဖက်စပ်လုပ်ကိုင်၊ သိမ်ဖြူယာဉ်မောင်းကွင်းအား ကမ္ဘာ့အဆင့်မီ ပြည်သူ့အားကစားကွင်းအဖြစ် ပြောင်းလဲရန် စီစဉ်လျက်ရှိ၊ စတားမော်တော်ဆိုင်ကယ်ထုတ်လုပ်ရေးမှ ဝမ်းတူးဖိုက် အစီး ၁၀၀၀ ဖြန့်ချိမည်၊ ဒေါက်တာဦးစိုးလွင်၏ ဝေဟင်မြင့်မှာ တောင်ပံဝင့်မည့် ငှက်ကလေးများ၊ ထီထိုးမှာလား အလိမ်မခံရအောင် ဒါကိုဖတ်ထားပါ၊ ကော်ဖီမစ်ထုပ်များတွင် မယ်လမင်းပါဝင်မှု ရှိမရှိ စစ်ဆေးနေပြီ၊ စည်ပင်ပိုင် ဈေးများတွင် အဖွဲ့များဖွဲ့၍ မယ်လမင်းပါသော နို့မှုန့်များနှင့် ကော်ဖီမစ်များကိုစစ်ဆေး၍ လိုက်လံသိမ်းဆည်း ဆောင်ရွက်၊ ရတနာပုံဆိုက်ဘာစီးတီး၌ ပြည်တွင်းပြည်ပကုမ္ပဏီများအား မြေနေရာချထားပေး၊ အီရန်က အမေရိကန်ပြည်ထောင်စုအား အသေခံဗုံးခွဲတိုက်ခိုက်မှုများနှင့်ခြိမ်းခြောက်၊ အမေရိကန်လေတပ်က တရုတ်ပြည်ကို အဏုမြူဗုံးဖြင့် တိုက်ခိုက်ရန် စီစဉ်ခဲ့ဖူးကြောင်း သတင်းထွက်ပေါ်လာ၊ အမေရိကန်တို့၏ ဒုံးပျံကာကွယ်ရန် ရုရှားဒုံးပျံများဖြန့်ကြက်၊ ထိတ်လန့်ဖွယ်တစ်နာရီအတွင်း ဗုံး ၁၂ လုံး ပေါက်ကွဲ၊ အီရန်က အမေရိကန်ကို ဗုံးကြဲ တိုက်ခိုက်တော့မည်လော၊ အစ္စရေးစစ်ဘက်က ဟစ်ဇ်ဘိုလာတို့အား တိုက်ခိုက်ရန်ပြင်နေ၊ ဘားရက်အိုဘားမားနှင့် လူမည်းတွေကို လုပ်ကြံသတ်ဖြတ်ဖို့ ကြံစည်ထားသူ လူဖြူလူမျိုးကြီးဝါဒီနှစ်ဦး ဖမ်းဆီးရမိစသည့် ပြည်တွင်းပြည်ပ သတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ် ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည်ဟု သိရသည်။

(သတင်းစဉ်)

# ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း မြိုင်စက်မှုနယ်မြေစီမံကိန်း သွားရောက်စစ်ဆေး

## စက်မှုဖွံ့ဖြိုးရေးအတွက် ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်နိုင်ရန် ကြိုးပမ်းရေးမှာကြား

နေပြည်တော် နိုဝင်ဘာ ၃

**အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် နိုဝင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီတွင် မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ်ရှိ စက်နှင့်စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံ စီမံကိန်းသို့ ရောက်ရှိရာ ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းညွှန်ကြားရေးမှူး ဦးတင်ထွန်းအောင်က စက်ရုံအဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှု၊ လမ်းများဖောက်လုပ်ပြီးစီးမှု၊ လျှပ်စစ်နှင့် ရေရရှိရေးဆောင်ရွက်ထားမှု၊ ပတ်ဝန်းကျင်ကျေးရွာများ ဖွံ့ဖြိုးရေး အတွက် ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကိုလည်းကောင်း၊ စက်ရုံမှူး ဦးကံချွန်က စက်ပစ္စည်းများရောက်ရှိမှု၊ တပ်ဆင်ပြီးစီးမှု၊ စမ်းသပ်လည်ပတ်မှု၊ ဝန်ထမ်း ဖွဲ့စည်းပုံနှင့် ခန့်အပ်ထားရှိမှု၊ ဝန်ထမ်းများသက်သာချောင်ချိရေး ဆောင်ရွက် ထားရှိမှုနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုတို့ကို လည်းကောင်းရှင်းလင်းတင်ပြကြပြီး မြန်မာ့စက်ရုံနှင့် အဆောက်အအုံဆောက်လုပ် ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက တစ်ဖက်၌ စက်ရုံစီမံကိန်း အချိန်မီပြီးစီးအောင် ဆောင်ရွက်နေသကဲ့သို့ တစ်ဖက်မှလည်း ဝန်ထမ်းမိသားစုများ၏ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေး လိုအပ်ချက်များကိုလည်း အလေးထားဆောင်ရွက်ရန် မှာကြားသည်။**

ယင်းနောက် ဝန်ကြီးသည် စက်နှင့်စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံ၏ စက်ခုတ်စားအလုပ်ရုံအတွင်း Machining Center လေးလုံးတပ်ဆင်ပြီးစီးမှု၊ မိုနှင့်ဒိုင်အလုပ်ရုံအတွင်း CNC Machine များတပ်ဆင်ပြီးစီးမှု၊ စက်တပ်ဆင်ရေး အလုပ်ရုံ၊ ပစ္စည်းသိုလှောင်ရုံ၊ သံအမာတင်အလုပ်ရုံနှင့် သံပုံလောင်းစက်ရုံတို့၏ တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ☆



**အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း မြိုင်မြို့နယ်ရှိ စက်နှင့်စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံ စီမံကိန်းတွင် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။** (စက်မှု-၂)

*** ရင်သွေးငယ်များ ကျန်းမာဖို့ အကောင်းဆုံးသည် မိခင်နို့။**

*** မိခင်နို့ဖြင့် မလုံလောက်လျှင် နွားနို့၊ ဆိတ်နို့ အသုံးဝင်။**

*** အစဉ်ကျိုချက် တိုက်ကျွေးပေး အသင့်မြတ်ဆုံး ကျန်းမာရေး။**

သတင်းမြင်ကွင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်) ဓာတ်ပုံမြင်ကွင်း-ဌေးအောင်(ကြေးမုံ)




## တိုင်းရင်းသားပြည်သူများအား နေ့ချင်းပေါက်ခရီးရောက်စေသည့် ဟားရိုတံတား

**သတင်းသမားဟူသည် အချိန်နှင့်တစ်ပြေးညီ သတင်းရှိရာသို့ ပြေးလွှားနေကြရသူများဖြစ်ရာ ချမ်းလို့ဖြင့် ခိုက်ခိုက်တုန် စောင်ခြုံလို့ဖြင့် မနေနိုင်သော ချင်းပြည်နယ်မြောက်ပိုင်း ဟားခါးမြို့မှ ၄၃ မိုင်အကွာ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၅၂၀၀ တွင် တည်ရှိသော ဖလမ်းမြို့လေးဆီသို့ ကျွန်တော်တို့ကြေးမုံသတင်းအဖွဲ့ ခရီးဆက်ခဲ့ကြသည်။**

နံနက်စောစောမို့ သံဝါဖြောက်ဖြောက်ဆီးနှင်းပေါက်တို့ မိုးလောက်သည်းထန်နေသည့်ကြား ရှေ့သို့ ၁၀ပေခန့်မျှပင် ကားမီး ထိုး၍ မမြင်ရသော တောင်ပေါ်လမ်းတွင် ပြည်နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ ယာဉ်မောင်းဆရာကြီး၏ ကားမောင်းကျွမ်းကျင်မှုကြောင့် ဖလမ်းမြို့သို့ ချောချောမောမော ရောက်ခဲ့ကြသည်။

ဖလမ်းမြို့အဝင်မှမြို့နယ်ဥက္ကဋ္ဌဦးဇော်ဝင်းဌေးနှင့် သာသနာ ရေးဦးစီးအရာရှိ **စာမျက်နှာ ၉ ကော်လံ ၃ သို့** *

**ဟိုအရင်တုန်းကဆို ကလေးနဲ့ဒီဟားခါးခရီးမှာ နှစ်ည သုံးညလောက် အိပ်ခဲ့ရတာ၊ မန်ခင်းမှာ တစ်ည၊ ပါရိသဲ မှာတစ်ည၊ သိုင်းငင်းမှာတစ်ည အိပ်ခဲ့ရတာကိုး၊ ခုတော့ ဒီဟားရိုတံတားကြောင့် နေ့ချင်းခရီးပေါက်ပြီလေ**

**အ င် တ ါ န က် သ တ င်း**

### အင်ဒီးစ်တောင်တန်းဒေသရှိ ရေခဲမြစ်များ ၁၅နှစ်မှ ၂၅နှစ်အတွင်း ပျောက်ကွယ်နိုင်

**လီမာ နိုဝင်ဘာ ၃**

အင်ဒီးစ်တောင်တန်းဒေသရှိ ရေခဲမြစ်များသည် အလွန် လျင်မြန်သောနှုန်းဖြင့် အရည်ပျော်ဝင်လျက်ရှိသဖြင့် ယင်းဒေသရှိ ရေခဲမြစ်အချို့မှာ ၁၅နှစ်မှ ၂၅နှစ်အတွင်း ပျောက်ကွယ်သွားနိုင် ဖွယ်ရှိကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။

အင်ဒီးစ်တောင်တန်းဒေသရှိ ရေခဲမြစ်များ ပျောက်ကွယ်ခြင်း ဖြင့် ကိုလံဘီယာ၊ ပီရူး၊ ချီလီ၊ ဗင်နီဇွဲလား၊ အီကွေဒေါ၊ အာဂျင် တီးနားနှင့် ဘိုလီဗီးယား နိုင်ငံတို့ရှိ ပြည်သူများမှာ ရေနှင့်စားနပ် ရိက္ခာရရှိမှု ထိခိုက်နိုင်ကြောင်း ဗြိတိန်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ သိပ္ပံပညာရှင်များ၏ လေ့လာချက်ကို ကိုးကား လျက် ပီရူးရေအရင်းအမြစ် စီမံခန့်ခွဲရေးသိပ္ပံဥက္ကဋ္ဌ ကာမင်းဖဲလစ် က ပြောကြားသည်။

အင်ဒီးစ်တောင်တန်းဒေသရှိ ရေခဲမြစ်များသည် ဒေသဆိုင်ရာ နိုင်ငံများရှိ မြို့ကြီးများအတွက် ရေချိုအရင်းအမြစ် ထောက်ပံ့ပေး လျက်ရှိသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ●